# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်( ၀၀၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




## ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန် သီတင်းကျွတ်ကာလအတွင်း အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

နေပြည်တော် အောက်တိုဘာ ၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် နေပြည်တော် -ရန်ကုန် -နေပြည်တော် ခရီးစဉ်အတွက် DEMU (ဂျပန်)တွဲဆိုင်း အထူးရထားများအား အောက်ပါအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## ဝါးခယ်မမြို့နယ်၌ ကော်ဖီပျိုးပင် စိုက်ပျိုးနည်း သရုပ်ပြ

ဝါးခယ်မ အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်း သရုပ်ပြပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက ဦးကြီးတော်ကျေးရွာအုပ်စု၊ ထော်ကန္တတ်ကျေးရွာအုပ်စုရှိ ကားလမ်းဘေးဝဲယာ၌ ပြုလုပ်သည်။

ကော်ဖီသည် အရိပ်ရပင်များအောက်တွင် စိုက်ပျိုးရသောသီးနှံဖြစ်၍ မြန်မာနိုင်ငံ၏သစ်တော ဧရိယာဖုံးလွှမ်းမှုကို အထောက်အကူပြုသည့်အပြင် သဘာဝပတ်ဝန်းကျင် တိုးတက်ဖွံ့ဖြိုးမှုကိုလည်း အကျိုးပြုကြောင်း သိရသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များက ကော်ဖီပျိုးပင် စိုက်ပျိုးနည်း သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ တောင်သူများအား ပျိုးပင်များ ပေးအပ်ခဲ့ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❄




**ယနေ့ ဖတ်စရာ**

**ရွှေနိုင်မှ တော်ကာကျမည်**
ဆောင်းပါး စာ ၆



**အာဖဂန်နစ္စတန်နိုင်ငံသည် နှစ်စဉ် ပျားရည်တန်ချိန် ၂၂၀၀ ထုတ်လုပ်ပေး**
နိုင်ငံတကာသတင်း စာ ၁၄

**၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ**

**၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည် အသွေးအခြေအနေများ**
ပြည်တွင်းသတင်း စာ ၁၅


### အားကောင်းသောမုန်တိုင်းငယ် အားလျော့သွား

နေပြည်တော် အောက်တိုဘာ ၃

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကမ်းခြေကို ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩရိသပြည်နယ်တောင်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်

## စက်မှုဇုန်များ တည်ထောင်ရာတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်သန့်စင်ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်ရမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၃**

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်အနက် **“နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး”**ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အဓိကပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝသယံဇာတပေါကြွယ်ဝပြီး ငယ်ရွယ်နုပျိုသည့် လူသားအရင်းအမြစ်များ ရှိကြောင်း၊ ရေမြေသဘာဝကောင်းမွန်၍ ကျယ်ဝန်းသည့် စိုက်ပျိုးမြေများလည်းရှိသည့်အတွက် အစဉ်အဆက် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြကာ နိုင်ငံ၏ စားရေရိက္ခာကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးပုံစံများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းထုတ်လုပ်သည့်အဆင့်မှ Value Added တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းနိုင်ရန် လိုကြောင်း။

### “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”

ကုန်ထုတ်လုပ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ယနေ့ခေတ်တွင်လည်း **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အားပေးမြှင့်တင်လျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှု တိုးမြှင့်စေရေးအတွက် ခေတ်မီနည်းပညာ သုံးစွဲခြင်းကို အားပေးကာ ပြည်တွင်းထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့် အရည်အသွေးကို နိုင်ငံတကာ အဆင့်မီစေရန် သတ်မှတ်ပြဋ္ဌာန်းပြီး အရည်အသွေးထိန်းချုပ်ခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖန်တီးနိုင်ရန်အတွက် အထောက်အပံ့များပေးရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း အသက်မွေးဝမ်းကျောင်း ပညာရေးစနစ်များ တိုးမြှင့်ပေးခြင်း၊ လုပ်ငန်းခွင်စွမ်းရည်မြှင့်သင်တန်းများ ဖန်တီးပေးခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သင့်လျော်သည့် လုပ်ခလစာကို အာမခံပေးခြင်းဖြင့် ၎င်းတို့၏ စိတ်ဓာတ်နှင့် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ၅ ခုနှင့် တည်ထောင်ဆဲစက်မှုဇုန်စီမံကိန်း ၂ ခုရှိသည့်အတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့်လည်း ကုန်ထုတ်လုပ်မှုတိုးမြှင့်ခြင်းကို အထောက်အကူပြုမည့် မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ဈေးကွက်ချိတ်ဆက်မှုများကို ဖန်တီးပေးရန် အားသွန်ခွန်စိုက်ကြိုးပမ်းကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် ဆောင်ပုဒ်အတိုင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များ တည်ထောင်ရာတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်သန့်စင်ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းရှင်များအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံတော်၏ ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာမူတည်သောကြောင့် အသစ်ဖော်ဆောင်မည့် စက်မှုဇုန်များ စနစ်တကျ ဖော်ဆောင်နိုင်ရေးအပြင် တည်ထောင်ပြီး စက်မှုဇုန်များကိုလည်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လည်း အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ တည်ဆောက်ပြီး စက်မှုဇုန်များအား နည်းဥပဒေများနှင့်အညီ စက်မှုဇုန်အဆင့်အတန်းများ စစ်ဆေးရာတွင် အမှတ်ပေးစည်းမျဉ်း သတ်မှတ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ စစ်ဆေးရာ၌ အဆင့်အတန်း သတ်မှတ်ချက်များအရ အားနည်းသည့် စက်မှုဇုန်များအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများက အဆင့်မြင့် စက်မှုဇုန်များဖြစ်ပေါ်လာစေရေး တွန်းအားပေး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစာများအား ဖတ်ကြားတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ စက်မှုဇုန်များ သမိုင်းကြောင်း၊ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး (၃/၂၀၂၅) ကိုယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံးမဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အဆင့်လိုက် ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်များအတွက် မဲဆန္ဒနယ်များအား သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်သည့်အပြင် နိုင်ငံရေးပါတီများမှ အမည်စာရင်း တင်သွင်းလာသည့် ပြည်ထောင်စု တစ်ဝန်းလုံးစည်းရုံးမည့် နိုင်ငံရေးပါတီ ၆ ပါတီမှ လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၉၆၁ ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၆၆ ဦး၊ တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်း ၉၆ ဦး စုစုပေါင်း ၅၀၂၃ ဦးတို့အား စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် အချိန်မီ စိစစ်ပြီးစီးရေး ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

ထို့အပြင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းတွင် ပါရှိပြီး သက်ဆိုင်ရာ မြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ယာယီနေရပ် စွန့်ခွာနေရသူများနှင့်ပတ်သက်၍ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာ လုပ်ကိုင် ဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲ ကာလတွင် လာရောက်ကြမည့် ပြည်တွင်း ပြည်ပလေ့လာရေး အဖွဲ့များအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စီမံဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနများအနေဖြင့် ရဲစခန်းအချုပ်၊ အချုပ်ထောင်၊ အကျဉ်းထောင်များ၌ ပြစ်မှုရင်ဆိုင်ဖြေရှင်းနေရသည့် အချုပ်သားများအား ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ကြေညာချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ရေး သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ကြိုတင်ပေါင်းစပ် ညှိနှိုင်း၍ ဆောင်ရွက်ထားကြရန် လိုကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၌ "ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေ" အရ အရေးယူဆောင်ရွက်မှု ၂၄ မှုနှင့် တရားခံ ၆၄ ဦး ရှိခဲ့ပြီဖြစ်သကဲ့သို့ ဆက်လက်၍လည်း ရွေးကောက်ပွဲ လုံခြုံရေးအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ် အရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသော တိုးတက်မှုများကို အခြေခံကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရွေးကောက်ပွဲ လုံခြုံရေးအတွက်လျာထားအစီအမံများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၄.၁၀.၂၀၂၅ | DEMUအဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ၅.၁၀.၂၀၂၅ | DEMUအစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ၇.၁၀.၂၀၂၅ | DEMU အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၄ | ၈.၁၀.၂၀၂၅ | DEMUအစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |

ရန်ကုန် –နေပြည်တော် –ရန်ကုန် ခရီးစဉ်တွင် DEMU ရထားများအား ယခင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့ရက်များ၌ DEMU (ဂျပန်) (၆)တွဲပါ တွဲဆိုင်းများဖြင့် ပြေးဆွဲပေးနေရာမှ သီတင်းကျွတ်ကာလပိတ်ရက်အတွင်း ခရီးသည်များ စီးနင်းမှုများပြားလာသည့်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန် DEMU ရထားများအား DEMU(စပိန်)(၈)တွဲပါ တွဲဆိုင်းများဖြင့် ပြောင်းလဲပြေးဆွဲပေးသွားမည် ဖြစ်ပါသည်။

ထို့အတူ ရန်ကုန် –ပြည် –ရန်ကုန်နှင့် ရန်ကုန် – မော်လမြိုင် – ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်–

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၄.၁၀.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၂ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၃ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၄ | ၇.၁၀.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၆ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |

ရထားစီးခရီးသွား ပြည်သူများအား အထက်တန်းလက်မှတ်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ရထားလက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲပေးသည့် ရထားများအတိုင်းဖြစ်ပါသည်။

**မြန်မာ့မီးရထား**

---

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် အောက်တိုဘာ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်–၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဦးကြီးတော်ကျေးရွာအုပ်စု၊ ထော်ကနွတ်ကျေးရွာအုပ်စု၊ ကြာဖြူကျေးရွာအုပ်စု၊ သဲကုန်းကျေးရွာအုပ်စု၊ ကြက်ခတ်ကုန်းကျေးရွာအုပ်စု အပါအဝင် အနီးအနားရှိ ကျေးရွာများမှ တောင်သူများ စုပေါင်းပြီး ကော်ဖီပျိုးပင် စုစုပေါင်း ၆၅၀ ကို စိုက်ပျိုးခဲ့ကြသည်။

**လှမ်းသီဟ (ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၈၅

ရက်

သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊

❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့် လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးမှာကြား

နေပြည်တော် အောက်တိုဘာ ၃

**၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို မကြာမီကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။**





အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး(ယာပုံ)က မကြာမီနိုင်ငံတော်အဆင့် ကျင်းပမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်ကကျင်းပခဲ့သည့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် ဆဋ္ဌမအကြိမ်အစည်းအဝေးတွင် ဆွေးနွေး အတည်ပြု၍ လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက် အခက်အခဲများရှိပါက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် ပြီးပြည့်စုံသည့်ပြင်ဆင်မှုများ ဖြစ်စေရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို အသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်အဆင့်ကျင်းပမည့် သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေနံချောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ရေနံချောင်း အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြေပြိုခြင်း၊ သစ်ပင်ပိခြင်းတို့ကြောင့် နေအိမ်ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စုများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်၌ စက်တင်ဘာ ၂၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေအိမ်ပေါ်သို့ သစ်ပင်ကြီးများ လဲကျကာ ညောင်လှရပ်ကွက် ကမ်းနားရပ်တွင် နေအိမ်သုံးလုံးနှင့် တွင်းကုန်းရပ်တွင် နေအိမ်တစ်လုံး ပျက်စီးခဲ့ပြီး ဖောင်းကတောကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာ၌ နေအိမ်ပေါ်သို့ မြေပြိုကျမှုကြောင့် နေအိမ်သုံးလုံး စုစုပေါင်း ခုနစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘေးသင့်နေအိမ်ခုနစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၅၅၀၀၀၀ နှင့် ဘေးသင့်အိမ်ထောင်စုဝင် ၃၀ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ နှင့် အိမ်ထောင်စုတစ်စုစာ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် တာဝန်ရှိသူများက ဘေးသင့်အိမ်ထောင်စုများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွေးနိုင်မှ တော်ကာကျမည်

ခင်သန်းမြင့်

ကျွန်မတို့အိမ်ရှင်မတွေအဖို့ နံနက်မိုးသောက်အလင်းရောက်ရင် ဈေးခြင်းတောင်းဆွဲပြီး ဈေးဝယ်ထွက်ရတဲ့ကိစ္စက နိစ္စဓူဝအလုပ်တစ်ခုလို့ ဆိုရမယ်။ ပြီးတော့ ဈေးဆိုတာကလည်း စောစောအဝယ်ထွက်မှ။ ဈေးပေါင်ကျိုးချိန်ရောက်မှ ဈေးရောက်ရင်တော့ သူများမကြိုက်လို့ ချန်ရစ်ထားခဲ့တဲ့ ရွေးကျန်တွေပဲ ရမယ်။

ကျွန်မကတော့ ဈေးရောက်ရင် ပထမဦးဆုံး ဦးတည်ရာက ဘုရားပန်းကပ်ဖို့ ပန်းဆိုင်ကိုပဲ။ မြတ်ဘုရားကို မွှန်မွှန်မြတ်မြတ် ဘုရားပန်းကပ်လှူဖို့အတွက် ကောင်းပေ့၊ လှပေ့ ပန်းမန်တွေ ဦးဦးဖျားဖျားရဖို့ ဈေးသည်ဈေးဗန်းစခင်းတဲ့အချိန်မျိုးကိုမှန်းပြီး ရောက်အောင်သွားတယ်။ ဒါတောင်ကိုယ့်လိုလူစားက အများသားလို့ဆိုရလောက်အောင် ပန်းဆိုင်ရောက်ရင် အိမ်ရှင်မ သုံး၊ လေး၊ ငါးဦးကတော့ ကြိုရောက်နေတာပါပဲ။ ပန်းစည်းတွေထဲက ပန်းအချို့က မူလက ကိုယ်နှစ်သက်သလိုလို လှနေသယောင်ယောင်နဲ့ ကိုယ့်လက်ထဲလည်းရောက်ရော သူများလက်ထဲကရွေးထားတဲ့ပန်းစည်းကပဲ ပိုလှနေသလိုလို ဖြစ်ပြန်ရော။ လူ့စိတ်များ ခက်သားလားနော်။ နောက်ဆုံး ပန်းဆိုင်က ပန်းဝယ်ပြီး ပြန်ထွက်လာတဲ့အထိ စိတ်ထဲမှာမတင်မကျ။ ဒ္ဓိပ။ အိမ်ရောက်လို့ ဘုရားကို ပန်းဆက်ကပ်လှူဒါန်းမှပဲ ဘုရားပန်းအိုးထဲ ပန်းလေးတွေကြည့်ပြီး ငါရွေးလာတဲ့ပန်းလေးတွေ လှသားပဲလို့ စိတ်ထဲ ဘဝင်ကျတော့တယ်။

**ယုံမှတ်လို့ ပုံအပ်လို့မဖြစ်**

နေ့စဉ်ဟင်းလျာ ချက်ပြုတ်စားသောက်ဖို့ သားငါးတန်းရောက်ရင်လည်း အခြားအိမ်ရှင်မတွေနဲ့အပြိုင် တိုးဝှေ့ရွေးရတာပါပဲ။ မရွေးလို့လည်း မရဘူး။ ကိုယ်လက်နှေးရင် သူတို့ရွေးကျန်၊ ရွေးကျတွေပဲ ကျန်ခဲ့တာ။ နောက်ပြီး ဈေးသည်ကိုလည်း ယုံမှတ်လို့ ပုံအပ်လို့လည်းမဖြစ်ပြန်။ တစ်နေ့က အခါကြီးရက်ကြီး ဘုန်းကြီးဆွမ်းချိုင့် ဆက်ကပ်လှူဒါန်းဖို့အတွက် ပုစွန်ထုပ်လေး နှစ်ဆယ်သားဝယ်တာ လက်က ဘုရားပန်းကအစ ဝယ်ခြမ်းထားတာတွေနဲ့ လက်မအားလို့၊ တိုးဝှေ့မဝယ်အားလို့ ဈေးသည်ကိုပဲ ရွေးထည့်ခိုင်းလိုက်တော့ ပုစွန်ထုပ်က ပုစွန်ဆိတ်၊ ပုစွန်ကျော့သာသာတွေပဲ ထည့်ပေးလိုက်တယ်။ ကိုယ့်မိသားစုစားဖို့ပဲ ဆိုရင်တော့ မထောင်းသာ လှပါဘူး။ သို့ပေမယ့် ရဟန်း သံဃာတော်တွေအတွက်ဆိုတော့ နည်းရင်လည်းနည်းပါစေ၊ အကောင် ကြီးကြီးလေး ကပ်လှူချင်ခဲ့တာ။

ဆိုတော့ကာ အိမ်ရှင်မလက်သစ်တွေအတွက် ဈေးဝယ်ထွက်နည်းနိဿရည်းကို အကျဉ်းချုံးတင်ပြရရင်တော့ ဈေးသွားရင် စောစောသွားပါ။ အခြားအိမ်ရှင်မများနဲ့အပြိုင် စိတ်ကြိုက်ရွေးပါ။ "ဒါကောင်းတယ်၊ ဒါလေးယူပါလား"လို့ ဈေးသည်ပြောတိုင်း မျက်စိမှိတ်မယူနဲ့။ ကိုယ့်အတွေ့အကြုံအရ ကိုယ်အသုံးတည့်မယ့်၊ ကြာရှည်သုံးစွဲလို့ရမယ့် ကုန်

**❝ တစ်ခုတော့ရှိတာပေါ့။ ကိုယ့်မဲဆန္ဒနယ်၊ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံအရေးအရာကိစ္စတွေကို ဆောင်ရွက်မယ့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေကို ရွေးချယ်ဆန္ဒမဲပေးရတာကတော့ တာဝန်ပိုကြီးတာပေါ့။ ဈေးဝယ်သလို မကြိုက်လို့ ရော့ အင့် ဆိုပြီး စွန့်ပစ်လို့မှမရတာ။ လွှတ်တော်သက်တမ်း၊ ရွေးကောက်ပွဲကာလတစ်ခုအထိ အကျုံးဝင်နေတာကိုး။ ဒါကြောင့်မို့ အိမ်ရှင်မတွေ ဈေးဝယ်ထွက်တာထက်ပိုပြီး ဇီဇာကြောင်မှု၊ ချီတုံချတုံ စဉ်းစားနိုင်မှု၊ စိစစ်နိုင်မှု ရွေးနိုင်မှ တော်ကာကျမှာဖြစ် ❞**

ပစ္စည်းမျိုး၊ သန့်ရှင်းလတ်ဆတ်တဲ့ သားငါးမျိုး သေချာရွေးချယ်ဝယ်ယူကြ။ ကိုယ်ရဲ့ နမော်နမဲ့ ရွေးချယ်ဝယ်ယူမှုကြောင့် အိမ်ရောက်မှ တာရှည်လည်းမခံ၊ အသုံးလည်းမတည့်တာမျိုး ကြုံတွေ့လာရင်တော့ ကိုယ့်ထိုက်ကိုယ့်ကံ၊ ကိုယ်နဲ့ထိုက်တာ ကိုယ်ရတာလို့ပဲ ဆိုရမှာပေါ့။

ဒီနေ့တော့ ဈေးကအပြန် လမ်းလျှောက်ရင်း စိတ်က လာမယ့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ကျင်းပမယ့် ရွေးကောက်ပွဲအကြောင်း အတွေးရောက်သွားတယ်။ တကယ်တော့ ကိုယ်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးပြီးရွေးချယ်တဲ့ ရွေးကောက်ပွဲဆိုတာကလည်း ကျွန်မတို့ အိမ်ရှင်မတွေ ဈေးထဲမှာကောင်းနိုးရာရာ ရွေးချယ်ဝယ်ယူရတဲ့အလုပ်နဲ့ အတူတူပါပဲလား။ ကိုယ့်မဲဆန္ဒနယ်နဲ့ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြမယ့် ကိုယ်စားလှယ်လောင်းလျာတွေကို ဈေးထဲက ဟင်းရွက်၊ ကန်စွန်းရွက် ရွေးချယ်ဝယ်ယူတာမျိုးနဲ့ မနှိုင်းအပ်ပေမယ့် သဘော သဘာဝအရကတော့ သိပ်မကွာခြားလှဘူးလို့ ကျွန်မထင်မြင်ယူဆမိတယ်။

ကျွန်မတို့အိမ်ရှင်မတွေက ကိုယ်နဲ့အသုံးတည့်မယ့် ကုန်ပစ္စည်း၊ ကိုယ်ပေးရတာနဲ့ ထိုက်တန်တဲ့ ကုန်ပစ္စည်း အရည်အသွေး၊ ပစ္စည်းမှန်ဈေးနှုန်းမှန်တဲ့ ကုန်ပစ္စည်း၊ အပြစ်အနာအဆာကင်းတဲ့ကုန်ပစ္စည်း စတဲ့ ကောင်းမွန်သင့်တော်တဲ့ ကုန်ပစ္စည်းတွေကို ကုန်ပစ္စည်းများစွာထဲက ရွေးချယ်ဝယ်ယူသုံးစွဲကြရသလို မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့လည်း ကိုယ့်မဲဆန္ဒနယ်၊ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ အကျိုးစီးပွားကို တော်တည့်မှန်ကန်ဖြောင့်မတ်စွာ အကျိုးဆောင်မယ့်၊ ထမ်းရွက်မယ့်၊ ကြိုးပမ်းအကောင်အထည်ဖော်မယ့် ကိုယ်စားလှယ်ကို ရွေးချယ်တင်မြှောက်ကြရတာပါပဲ။

တစ်ခုတော့ရှိတာပေါ့။ ကိုယ့်မဲဆန္ဒနယ်၊ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ အရေးအရာကိစ္စတွေကို ဆောင်ရွက်မယ့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေကို ရွေးချယ်ဆန္ဒမဲပေးရတာကတော့ တာဝန်ပိုကြီးတာပေါ့။ ဈေးဝယ်သလို မကြိုက်လို့ ရော့ အင့် ဆိုပြီး စွန့်ပစ်လို့မှမရတာ။ လွှတ်တော်သက်တမ်း၊ ရွေးကောက်ပွဲကာလတစ်ခုအထိ အကျုံးဝင်နေတာကိုး။ ဒါကြောင့်မို့ အိမ်ရှင်မတွေ ဈေးဝယ်ထွက်တာထက်ပိုပြီး ဇီဇာကြောင်မှု၊ ချီတုံချတုံ စဉ်းစားနိုင်မှု၊ စိစစ်နိုင်မှုရွေးနိုင်မှ တော်ကာကျမှာဖြစ်ပါတယ်။

ကနဦးအားဖြင့် ကိုယ်ရွေးချယ်မယ့် လွှတ်တော်ကိုယ်စားလှယ်က ကိုယ့်မဲဆန္ဒနယ်က မဲဆန္ဒရှင်ပြည်သူလူထုရဲ့ နစ်နာမှုတွေ၊ အကျိုးစီးပွားတွေကို သက်ဆိုင်ရာ လွှတ်တော်မှာ အမှန်တကယ်တင်ပြဆွေးနွေးနိုင်မယ့် လူစားလားဆိုတာ စိစစ်ဖို့လိုအပ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းတွေမှာဆိုရင် လွှတ်တော်သက်တမ်း တစ်ခုသာပြီးရော ကိုယ့်မဲဆန္ဒနယ်အတွက် မေးခွန်းတစ်ခု၊ အဆိုတစ်ခုတောင် မမေးမြန်း၊ မတင်သွင်းခဲ့တဲ့ ကိုယ်စားလှယ် အချို့တောင် ရှိခဲ့တယ်လေ။

**အဘက်ဘက်က စိစစ်နိုင်ကာမှ တော်ကာကျ**

ဒ့်အပြင် မိမိတို့ရွေးချယ်တင်မြှောက်မယ့် ကိုယ်စားလှယ်တွေဟာ ပဋိပက္ခဝါဒီလား၊ ကိုယ်ကျိုးရှာ အတ္တဝါဒီလား၊ အမြင်ကျဉ်းမြောင်းသူလား၊ နိုင်ငံခြားဩဇာခံလား၊ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်နေသူလား၊ ပညာရေးအားနည်းသူလား၊ ဆင်ခြင်တုံတရား နည်းပါးသူလား၊ တွေးခေါ်မြော်မြင်မှုနည်းပါးသူလား စသဖြင့် အဘက်ဘက်က စိစစ်နိုင်ကာမှ တော်ကာကျပါလိမ့်မယ်။

ဒီမိုကရေစီစနစ်မှာ အထွေထွေရွေးကောက်ပွဲဟာ အရေးကြီးပါတယ်။ ရွေးကောက်ပွဲ ကျင်းပခြင်းဟာ လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ဖို့ဖြစ်ပြီး လွှတ်တော်ကတစ်ဆင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ သမ္မတက တာဝန်ပေးအပ်တဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေကို တာဝန်ပေးအပ်နိုင်ဖို့ဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူတွေရဲ့ ရွေးချယ်မှုဟာ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ကံကြမ္မာလို့လည်း ဆိုရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ **မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ နိုင်ငံ့အနာဂတ်ကံကြမ္မာကို မိမိတို့ လတ်တလော ဉာဏ်ပညာနဲ့ ဦးဆောင်ပြီး ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိဆိုတဲ့ အဂတိတရားကင်းကင်းနဲ့ နိုင်ငံရဲ့အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး (၃)ပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူ၊ နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မယ့်သူတွေကို ရွေးချယ်ဆန္ဒမဲပေးကြဖို့ အင်မတန်မှ အရေးကြီးပါတယ်။**

**မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ နိုင်ငံ့အနာဂတ်ကံကြမ္မာကို မိမိတို့လတ်တလော ဉာဏ်ပညာနဲ့ ဦးဆောင်ပြီး ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိ ဆိုတဲ့ အဂတိတရားကင်းကင်းနဲ့ နိုင်ငံရဲ့အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်သူ၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါးကို အမှန်တကယ် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်သူ၊ နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မယ့်သူတွေ ကို ရွေးချယ်ဆန္ဒမဲပေးကြဖို့ အင်မတန်မှ အရေးကြီး**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ စက်တင်ဘာလ ၂၃ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ နိုင်ငံရေးပါတီ ၅၇ ပါတီနဲ့ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၄၉၆၃ ဦးက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးမှာ အမည်စာရင်းတင်သွင်းခဲ့ကြတယ်လို့ဆိုတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ကိုယ်စားလှယ်လောင်းပေါင်း ၁၀၁၈ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၆၉၄ ဦး၊ ပြည်သူ့ရှေ့ဆောင်ပါတီက ၆၇၂ ဦး၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၄၂၈ ဦး၊ ရှမ်းနှင့် တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ၅၈၄ ဦး၊ ပြည်သူ့ပါတီက ၅၁၂ ဦး စတဲ့နိုင်ငံရေးပါတီ ခြောက်ပါတီက ပြည်ထောင်စုတစ်ဝန်းလုံးမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ အမည်စာရင်းတင်သွင်းထားပြီး တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ နိုင်ငံရေးပါတီ ၅၁ ပါတီက ကိုယ်စားလှယ်လောင်း ၉၆၀ နဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း စုစုပေါင်း ၉၅ ဦးတို့က အမည်စာရင်းတင်သွင်းထားကြောင်း သိရပါတယ်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း လာမယ့်ရွေးကောက်ပွဲကို "တရားမျှတတဲ့ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲနဲ့ သိက္ခာရှိတဲ့လွှတ်တော်ဖြစ်အောင် ဆောင်ရွက်ဖို့ရည်မှန်းထားတယ်"လို့ ဆိုပါတယ်။

**နိုင်ငံသားတစ်ဦးရဲ့ တာဝန်ကိုကျေပွန်**

ဒါကြောင့် ကျွန်မတို့မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့လည်း လာမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူ့ကိုယ်စားလှယ်တွေကို မပျက်မကွက် ဆန္ဒမဲပေးရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံသားတစ်ဦးရဲ့ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

မိမိရဲ့ဒီမိုကရေစီအခွင့်အရေး၊ ဒီမိုကရေစီရပိုင်ခွင့်ဖြစ်တဲ့ အသည်းကြားက မဲတစ်ပြား မဆုံးရှုံးစေဖို့အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွေနဲ့ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ မိမိအမည်မဲစာရင်းပါ/မပါ၊ ပြည့်စုံမှန်ကန်မှုရှိ/မရှိ ကနဦးသွားရောက်ကြည့်ရှုစစ်ဆေးကြဖို့လိုပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၁၃ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးနဲ့ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတွေမှာ ပထမအကြိမ်အဖြစ် ကပ်ထားကြေညာပေးထားပါတယ်။ နိုဝင်ဘာလထဲမှာ နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာပေးမယ်လို့လည်း ဆိုပါတယ်။

မဲစာရင်းကြည့်ပြီးရင် ကျွန်မတို့ ရွေးချယ်ကြတာပေါ့။ ဈေးဝယ်တာပဲဖြစ်ဖြစ်၊ မဲဆန္ဒပေးရွေးချယ်တာပဲဖြစ်ဖြစ် ကောင်းတာကို လိုချင်တဲ့ သဘောသဘာဝချင်းကတော့ အတူတူပါပဲ။ ဈေးဝယ်ရင်း ရွေးချယ်တာက ကျွန်မတို့မိသားစု တစ်နပ်စာအတွက်၊ မဲဆန္ဒပေးပြီး ရွေးချယ်တာက နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ဂုဏ်သိက္ခာအတွက်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုအတွက်၊ ငြိမ်းချမ်းသာယာဝပြောတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ဖော်ဆောင်နိုင်ဖို့အတွက်၊ ကျွန်မတို့သားစဉ်မြေးဆက် မျိုးဆက်သစ်များအတွက်။

ဘာပဲဖြစ်ဖြစ် ကျွန်မတို့အဖို့ ရွေးနိုင်မှ တော်ကာကျမယ်လေ။ ။

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် ဓမ္မာရုံအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၏ ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူဦးရေထူထပ်များပြားလာမှု၊ စိုက်ပျိုးမြေများ တိုးချဲ့လာမှုကြောင့် သစ်တောသစ်ပင်များပြုန်းတီးလာကြောင်း၊ သစ်တောသစ်ပင်များပြုန်းတီးမှုကြောင့် သဘာဝဘေးဒဏ်များဖြစ်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း စသည့် သဘာဝဘေးဒဏ်များ ခံစားရနိုင်သည့်အတွက် သဘာဝဘေးအန္တရာယ်များကိုလည်း အထိုက်အလျောက် ကာကွယ်နိုင်စေရန် သစ်ပင်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ စိုက်ပျိုးခြင်းဖြစ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး ဦးဆောင်သောအဖွဲ့က မန်ကျည်းပင်များ စိုက်ပျိုးကြပြီး ဝန်ထမ်းများက မန်ကျည်းပင် ၂၅၀ နှင့် တမာပင် ၅၀ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

ကုန်ကြမ်းယူ၊ ကုန်ချောပေးလက်ခစားလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏(၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကုန်ကြမ်းယူ၊ကုန်ချောပေး လက်ခစားလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကော်မတီအနေဖြင့် CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထုတ်ကုန်များ အရေအတွက်သာမက အရည်အသွေးမြင့်မားရေး၊ အလုပ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားသား လုပ်ငန်းရှင်များ၊ နိုင်ငံသားလုပ်ငန်းရှင်များ အကျိုးစီးပွားဖြစ်ထွန်းရေး၊ လုပ်ငန်းများ အဆင်ပြေချောမွေ့ရေး အဓိကတာဝန်ရှိကြောင်း။

အထူးသဖြင့် ယနေ့အစည်းအဝေးတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်ပါ "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အလုပ်ရှင်များ၏ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ကော်မတီဝင်များက ဆောင်ရွက်ပေးနိုင်မည့် အကြံပြုချက်များကို အလေးထားဆွေးနွေး ပေးစေလိုကြောင်းနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ပြီး လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းမှု ရရှိနေခြင်းသည် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်း CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ၊ CMP လုပ်ခနှင့် အခွန်ကြီးကြပ်ရေးဆပ်ကော်မတီ၊ CMP သွင်းကုန်၊ ပို့ကုန်ဆိုင်ရာ ကြီးကြပ်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များ၏ ဆွေးနွေးခဲ့မှုများအပေါ် ကုန်ကြမ်းယူ၊ ကုန်ချောပေးလက်ခစားလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပထမအကြိမ် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကောင်စီအစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ်ပေါင်းကူးတံတားထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (၂၀၂၅) တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၃**

ကာဇက်စတန် သမ္မတနိုင်ငံ အက်စ်တာနာမြို့၌အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပသော ပထမအကြိမ် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီအစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ်ပေါင်းကူးတံတား ထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (၂၀၂၅) သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပါဝင်တက်ရောက်သည်။


အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီအစည်းအဝေး (Council for the Development of Artificial Intelligence) ကို အက်စ်တာနာမြို့ EXPO International Exhibition Center ၌ ကျင်းပရာ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym – Jomart Tokayev တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့်အတူ ဉာဏ်ရည်တု နည်းပညာနှင့် ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး Mr. Zhaslan Madlyev၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရှင်များ၊ နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အက်စ်တာနာမြို့ရှိ Astana Hub ၌ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ်ပေါင်းကူးတံတားထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (VI International Forum "Digital Bridge 2025": Generative Nation) ဖွင့်ပွဲသို့ တက်ရောက်သည်။

အဆိုပါဖိုရမ်သို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym–Jomart Tokayev၊ ဟန်ဂေရီနိုင်ငံ သမ္မတ H.E. Mr. Tamas Sulyok၊ အစိုးရအဖွဲ့အကြီးအကဲများ၊ Telegram တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Mr. Pavel Durov၊ နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရှင်များ၊ နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖိုရမ်ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။




အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကာဇက်စတန်သမ္မတနိုင်ငံ ဉာဏ်ရည်တု နည်းပညာနှင့် ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kanysh Tuleushin နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဖိုရမ်ကို ကာဇက်စတန်သမ္မတနိုင်ငံအား ဥရောပနှင့်အာရှအကြား ဆက်သွယ်ပေးသည့် နည်းပညာဆိုင်ရာ အချက်အချာကျသော နိုင်ငံတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ရန်ရည်ရွယ်ပြီး ဖိုရမ်အတွင်း ကမ္ဘာ့ခေါင်းဆောင်များ၊ နည်းပညာ တီထွင်ဖန်တီးသူများနှင့် ရင်းနှီးမြှုပ်နှံသူများသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ ဉာဏ်ရည်တုနည်းပညာ နယ်ပယ်တွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စပါးစိုက်ပျိုးခြင်းတွင် စက်မှုလယ်ယာစနစ် လွှမ်းခြုံနိုင်ရန်အတွက် Drum Seeder များ ဖြန့်ခွဲနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၃**

ခတ်မြေဩဇာဖိုးငွေများ အချိန်မီပြန်လည်ပေးဆပ်နိုင်ရေး လိုအပ်သည့်ကိစ္စရပ်များ ပံ့ပိုးနိုင်ရေးနှင့် စပါးစိုက်ပျိုးခြင်းတွင် စက်မှုလယ်ယာစနစ် လွှမ်းခြုံနိုင်ရန်အတွက် Drum Seeder များ ဖြန့်ခွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်/ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များအနေဖြင့် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရာတွင် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းပညာနှင့် စက်ကိရိယာများ လိုအပ်ချက်များရှိလာပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းအလိုက် အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏ တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေး၊ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ Drum Seeder များဖြင့် နွေစပါးအပြည့်အဝ စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် လျာထားချက်ပြည့်မီစွာ စိုက်ပျိုးရန်အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာအောင် တောင်သူများနှင့် မြို့နယ်/ ခရိုင်အဆင့်အလိုက် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ခတ်မြေဩဇာဖိုးငွေများ အချိန်မီပြန်လည်ပေးဆပ်နိုင်ရေးနှင့် Drum Seeder များ ဖြန့်ခွဲနိုင်ရေးတို့အတွက် ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မြို့နယ်အလိုက် ဖြန့်ဖြူးထားပြီးဖြစ်သည့် ခတ်မြေ



ဩဇာဖိုးကျသင့်ငွေများ ပြန်လည်ကောက်ခံမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (ဘားအံ၊ လပွတ္တာ၊ အောင်ပန်း) တို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊







မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင် သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းဆင်းပွဲများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် လပွတ္တာမြို့ သင်တန်းကျောင်းတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလွင်ကိုဦးတို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်း သုံးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်းသား ၁၄ ဦး၊ လျှပ်စစ်သင်တန်းသား ၂၅ ဦး၊ ဂဟေသင်တန်းသား ၃၀၊ မော်တော်ယာဉ်စက်ပြင်သင်တန်းသား ၄၁ ဦး၊ လက်ကိုင်ဖုန်းပြင်သင်တန်းသား ၁၅ ဦးနှင့် စက်မှုကျောင်း (အောင်ပန်း)တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသား ၂၀ စုစုပေါင်း ၁၄၅ ဦးဖြင့် မေ ၅ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ နေထိုင်စားသောက်ရေး၊ လက်တွေ့ခန်းသုံး ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဖြင့် အခမဲ့ထောက်ပံ့သင်ကြားပေးပြီး သင်တန်းထူးချွန်ဆုရရှိသူများနှင့် သင်တန်းသားများအတွက် သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုအထိ သင်တန်းသား စုစုပေါင်း ၆၂၂၀ သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသက် ၁၀၃ နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**ပေါင် အောက်တိုဘာ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သား ချစ်လှ (အငြိမ်းစား) (မော်ကွန်းဝင်တတိယအဆင့်)အား ပေါင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် အသက် ၁၀၃ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက် ၁၀၃ နှစ်ပြည့် တပ်သား ချစ်လှ(အငြိမ်းစား) (မော်ကွန်းဝင်တတိယအဆင့်)အား ဂါရဝပြု နှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပေါင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဒုတိယဝန်ကြီး(၁)တို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကျင်းပရန် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ယနေ့တွင် ဘယ်လာရုစ်သမ္မတ နိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန် ကော့ဗ်နှင့်လည်းကောင်း၊ ဒုတိယဝန်ကြီး(၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ်နှင့်လည်းကောင်း ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီတွေ့ဆုံသည်။

**ပညာရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍဆွေးနွေး**

တွေ့ဆုံစဉ် ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အားကစားနှင့် ခရီးသွားလာရေး စသည့်ကဏ္ဍများအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန် ကော့ဗ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃ -** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၁၂)

## စိုက်ပျိုးရေးတက္ကသိုလ်အသစ်တည်ထောင်ခြင်းနှင့် ရှိပြီးသားတက္ကသိုလ်များတွင် စိုက်ပျိုးရေးမဟာဌာန တည်ထောင်ခြင်းနှိုင်းယှဉ်ချက်

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ်-ငြိမ်း)

**ထပ်မံပြီး စာရေးသူ ကြုံတွေ့ခဲ့ရသော နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များနှင့် စိုက်ပျိုးမွေးမြူရေး မဟာဌာနများ၊ စိုက်ပျိုးမွေးမြူရေးကောလိပ်များ ကောင်းကျိုး၊ ဆိုးပြစ်နှိုင်းယှဉ်မှုများကို ဆွေးနွေးပါမည်။**

❑ **ကျောင်းသား ကျောင်းသူများအတွက်လည်း အလားတူ အရေးပါသော အကျိုးကျေးဇူးများရှိပါသည်။ သီးသန့်စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုတွင် ပုံမှန်အားဖြင့် မရရှိနိုင်သော ရူပဗေဒ၊ သင်္ချာ အခြေခံ မိုးလေဝသပညာနှင့် ရှုခင်းဗိသုကာပညာ ကဲ့သို့သော ပိုမိုကျယ်ပြန့်သည့် ပညာရေးဆိုင်ရာ အဓိက ဘာသာများ၊ သာမန်ဘာသာများနှင့် ရွေးချယ်နိုင်သော ဘာသာရပ်များကို ရရှိနိုင်သည်။ ဤသည်မှာ ပိုမိုပြည့်စုံပြီး ပြောင်းလွယ်ပြင်လွယ်ရှိသော ပညာရေးအတွေ့အကြုံကို ပေးနိုင်ပါသည်။ ဆရာ ဆရာမများလည်း ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် အလုပ်အာမခံချက်တို့ကို ပေးစွမ်းနိုင်သော အဖွဲ့အစည်း၏ အုပ်ချုပ်ရေးဆိုင်ရာ အကာအကွယ်များနှင့် ရာထူးတိုးမြှင့်မှုများမှ အကျိုးအမြတ်ရရှိနိုင်**

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်အသစ်တစ်ခုကို တည်ထောင်ရန်အတွက် အဓိက ပုံစံနှစ်မျိုးကို နှိုင်းယှဉ်သုံးသပ်ဆွေးနွေးပါမည်။ သီးသန့် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တစ်ခု ဖန်တီးခြင်းနှင့် ရှိပြီးသားပြည့်စုံသော တက္ကသိုလ်တစ်ခုအတွင်း စိုက်ပျိုးမွေးမြူရေးမဟာဌာန သို့မဟုတ် ကောလိပ်အသစ်တစ်ခုကို ပေါင်းစည်းခြင်းတို့ ဖြစ်ပါသည်။

ပညာရေး၊ ငွေကြေးနှင့် မဟာဗျူဟာမြောက် ထည့်သွင်းစဉ်းစားချက်များအပေါ် အခြေခံ၍ သုံးသပ်ချက်အရ သီးသန့်တည်ထောင်သော ပုံစံသည် တစ်ခုတည်းသော အာရုံစိုက်မှုနှင့် သီအိုရီအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပေးစွမ်းနိုင်သော်လည်း ယင်းသည် ဘာသာစုံသင်ကြားမှု အခက်အခဲရှိနိုင်ခြင်း၊ ငွေကြေးအရ အကုန်အကျများခြင်းနှင့် ပညာရေးအရ အထီးကျန်နိုင်သော လုပ်ဆောင်ချက်တစ်ခု ဖြစ်နိုင်ပါသည်။ ဥပမာ - အမေရိကန်ပြည်ထောင်စု၏ မြေယာထောက်ပံ့ကြေးယူ တက္ကသိုလ်စနစ် (Land-Grant University Systems) ကဲ့သို့သော ပေါင်းစည်းထားသည့် မဟာဌာနများ(အမေရိကတွင် - ကောလိပ်ဟူ၍ ခေါ်ပါသည်) ပုံစံသည် ရှိပြီးသား အခြေခံအဆောက်အအုံများကို အသုံးချခြင်း၊ အရေးကြီးသော ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို ဦးတည်၊ မြှင့်တင်ခြင်း (Comprehensive University - Multi-Disciplinary Approach) နှင့် သိသိသာသာ ကြီးမားသော ငွေကြေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးနိုင်ပါသည်။

ထို့ကြောင့် ပေါင်းစည်းထားသည့် ပုံစံသည် နေရာသစ်အများစုအတွက် ပိုမိုကောင်းမွန်သော မဟာဗျူဟာမြောက် ရွေးချယ်မှုဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ ဤစနစ်သည် အနာဂတ်အတွက် အသင့်ရှိသော စိုက်ပျိုးမွေးမြူရေး ပညာရှင်အင်အားကို ဖြည့်တင်းပေးရန်နှင့် ၂၁ ရာစု၏ လိုအပ်သော ပညာရပ်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ပညာရေးအရ ခိုင်ခံ့သည့် မူဘောင်ကို ပေးစွမ်းနိုင်ပါသည်။ နောက်ဆုံးအကြံပြုချက်မှာ သီးသန့်တည်ထောင်ထားသော အဆင့်မြင့်ပညာသင်ကျောင်းများ၏ အထူးပြုပြီး ရင်းနှီးမြှုပ်နှံမှု အများအပြားလိုအပ်သော သဘောသဘာဝကို ထောက်ပံ့ပေးနိုင်သော ထူးခြားသည့်အခြေအနေများ၊ အထူးသဖြင့် ကြီးမားပြီး ရည်ရွယ်ထားသော ရန်ပုံငွေများစွာ မရှိပါက ပေါင်းစည်းထားသည့် ဌာနပုံစံကို လက်ခံကျင့်သုံးရန် ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် ရာသီဥတုပြောင်းလဲမှု၊ သယံဇာတရှားပါးမှုနှင့် တိုးပွားလာသော လူဦးရေအတွက် စားရေရိက္ခာဖူလုံရေးကို အာမခံနိုင်ရန် လိုအပ်ချက်ကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော အရေးပါသည့် အခြေအနေဖြစ်ပါသည်။ ဤလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ဤနယ်ပယ်များသည် ဇီဝနည်းပညာ၊ အချက်အလက်သုံးသပ်ချက်/စစ်ဆေးချက်နှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များကဲ့သို့သော နယ်ပယ်များတွင် အဆင့်မြင့်ကျွမ်းကျင်မှုများဖြင့် ပြည့်စုံသော ခေါင်းဆောင်များ/မူဝါဒချမှတ်သူများနှင့် ပညာရှင်မျိုးဆက်သစ်များ လိုအပ်ပါသည်။ သမိုင်းကြောင်းအရ စိုက်ပျိုးမွေးမြူ ပညာရေးသည် အခြေခံကျသော၊ လက်တွေ့လေ့ကျင့်မှုမှသည် နိုင်ငံအားလုံး၏ အစားအစာ၊ လောင်စာဆီနှင့် အမျှင်ဓာတ်/အဝတ်အထည် ဖူလုံရေးအတွက် မရှိမဖြစ် လိုအပ်သော ဘက်စုံပါဝင်သည့် ဘာသာရပ်တစ်ခုအဖြစ်သို့ ပြောင်းလဲတိုးတက်လာခဲ့ပါသည်။

ဤဆောင်းပါး၌ စိုက်ပျိုးမွေးမြူရေးတွင် အဆင့်မြင့်ပညာရေးပေးရန်အတွက် ထူးခြားသော စီမံခန့်ခွဲမှုပုံစံနှစ်မျိုးကို နှိုင်းယှဉ်သုံးသပ်ထားပါသည်။

ပထမပုံစံမှာ သီးသန့်၊ လွတ်လပ်သော တက္ကသိုလ်/အဖွဲ့အစည်းအသစ်တစ်ခု (State Agri-cultural University - SAU) တည်ထောင်ခြင်း ဖြစ်သည်။ နမူနာ - အိန္ဒိယနိုင်ငံ။

ဒုတိယပုံစံမှာ ရှိပြီးသား ပြည့်စုံသော တက္ကသိုလ်တစ်ခု၏ မူဘောင်အတွင်း စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သိပ္ပံဘာသာရပ်များအတွက် ရည်ရွယ်ထားသော မဟာဌာန (သို့မဟုတ်) ကောလိပ်အသစ်တစ်ခုကို တည်ထောင်ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ နေရာအသစ်တစ်ခုအတွက် အထိရောက်ဆုံးနှင့် ရေရှည်တည်တံ့သော လမ်းကြောင်းကို ဆုံးဖြတ်နိုင်ရန်အတွက် ဤပုံစံနှစ်မျိုးကို ပြည့်စုံစွာနှင့် သတင်းအချက်အလက် အခြေခံ၍ နှိုင်းယှဉ်ကြည့်ရန် ဖြစ်ပါသည်။ နမူနာ - စိုက်ပျိုးမွေးမြူရေးမဟာဌာနပုံစံ - ဩစတြေးလျ၊ ဂျပန်၊ ထိုင်း နိုင်ငံတို့ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကောလိပ်ပုံစံ - အမေရိကန်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။

### စိုက်ပျိုးမွေးမြူရေးဆိုင်ရာအဆင့်မြင့်ပညာရေး၏ အခြေခံပုံစံများ

**(က) သီးသန့်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ပုံစံ**

သီးသန့်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ဆိုသည်မှာ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သိပ္ပံဘာသာရပ်များနှင့် ဆက်စပ်နယ်ပယ်များပေါ်တွင်သာ သီးသန့်အာရုံစိုက်ထားသည့် တက္ကသိုလ်တစ်ခုပုံစံ ဖြစ်ပါသည်။ ဤတက္ကသိုလ်များကို အခြားပညာရေးဘာသာရပ်များနှင့် ရောနှောမထားဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍကို တိုက်ရိုက်အကျိုးပြုရန် ရည်ရွယ်၍ တည်ထောင်ထားပါသည်။ သင်ရိုးညွှန်းတမ်းများသည် အခြေခံကျသော၊ အစောပိုင်းအဆင့် အစီအစဉ်များနှင့် ပိုမိုအဆင့်မြင့်သော ဘွဲ့ဒီဂရီများ နှစ်ခုလုံးကို ပေးစွမ်းနိုင်ပြီး အထူးပြုသင်ကြားလေ့ရှိပါသည်။ သုတေသနခြံများနှင့် ဓာတ်ခွဲခန်းများ အပါအဝင် အဆောက်အအုံ၊ ဓာတ်ခွဲခန်း စသည့်အခြေခံအဆောက်အအုံများက စိုက်ပျိုး၊ မွေးမြူ ပညာရပ်/အဖွဲ့အစည်းများ၏ အဓိကရည်ရွယ်ချက်အတွက်သာ သီးသန့်ရည်စူး ဆောက်လုပ်ထားသောစနစ် ဖြစ်ပါသည်။

**(က-၁) အားသာချက်များ**

ဤပုံစံ/စနစ်၏ အဓိကအားသာချက်မှာ ဘာသာရပ်တစ်ခုတည်း အာရုံစူးစိုက်မှုရှိသော အမှတ်အသား ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ် အသစ်တစ်ခုသည် ကြီးမားသော မိခင်တက္ကသိုလ်အဟောင်း/အဖွဲ့အစည်း၏ လွှမ်းမိုးမှု မရှိဘဲ ခိုင်မာပြီး စည်းလုံးသော ယဉ်ကျေးမှုနှင့် ယင်း၏ ရည်ရွယ်ချက်အပေါ် နက်ရှိုင်းသော ကတိကဝတ်၊ ဆောင်ရွက်ချက်ကို ထူထောင်နိုင်ပါသည်။ ဤတစ်ခုတည်းသော အာရုံစိုက်မှုသည် တက္ကသိုလ်အား ယင်း၏သင်ရိုးညွှန်းတမ်းနှင့် သုတေသန ဦးစားပေးမှုများကို ဒေသတွင်း စက်မှု၊ စိုက်ပျိုးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအတွက် ဒီဇိုင်းဆွဲရန်နှင့် လျင်မြန်စွာ အဆင့်မြှင့်တင်ရန် ခွင့်ပြုသောကြောင့် မြင့်မားသောပညာရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဖြစ်ပေါ်စေနိုင်ပါသည်။

ယင်း၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိန်းချုပ်နိုင်သည့် ဤစနစ်အရ ခိုင်မာသော လူမှုအသိုက်အဝန်း ဆက်စပ်မှုများနှင့် အဖွဲ့အစည်းဆိုင်ရာ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးနိုင်သည်။ ထို့အပြင် ဓာတ်ခွဲခန်းများမှ စိုက်ပျိုးရေးခြံများအထိ အခြေခံအဆောက်အအုံများနှင့် အရင်းအမြစ်အားလုံးသည် စိုက်ပျိုးမွေးမြူရေးပညာရပ်များအတွက် သီးသန့်ရည်စူးထားပါသည်။ ယင်းသည် ဉာဏ်ရည်တု (AI) နှင့် အချက်အလက်များ သုံးသပ်ချက်များကဲ့သို့သော ခေတ်ပေါ်နယ်ပယ်များတွင် ခေတ်မီဆန်းသစ်သော သုတေသနလုပ်ငန်းများကို ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေပါသည်။

**(က-၂) အားနည်းချက်များ**

အားသာချက်များ ရှိသော်လည်း ဤပုံစံသည် သိသာထင်ရှားသည့် အားနည်းချက်များ၊ အထူးသဖြင့် ကြီးမားသော ငွေကြေးကုန်ကျမှု ဝန်ထုပ်ဝန်ပိုးကို ရင်ဆိုင်ရနိုင်ပါသည်။ တက္ကသိုလ်အသစ်တစ်ခု တည်ထောင်ခြင်း၏ ကုန်ကျစရိတ်သည် ကြီးမားပြီး ကနဦးတည်ထောင်မှုအတွက် ငွေကြေးတန်ဖိုးကျပ်ရာပေါင်းများစွာမှ သန်းပေါင်းများစွာအထိ ကုန်ကျနိုင်သည်။ ထို့နောက် စာသင်ခန်းများနှင့် ဓာတ်ခွဲခန်းများကဲ့သို့ အခြေခံအဆောက်အအုံများတွင် ကျပ်ငွေသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါသည်။

အဖွဲ့အစည်းအသစ်တစ်ခုသည် ကျောင်းအပ်နှံမှု လျော့ကျခြင်းနှင့် ပြင်းထန်သော ပြိုင်ဆိုင်မှုတို့ကြောင့် "အခြေအနေ ဆိုးရွားလာခြင်း"ကို ရင်ဆိုင်နေရသော အဆင့်မြင့်ပညာရေးနယ်ပယ်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ငွေကြေးတည်တံ့ခိုင်မာမှုမှာ အဓိက စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ကနဦး ရင်းနှီးမြှုပ်နှံမှုအပြင် သီးသန့်အဖွဲ့အစည်းများသည် လည်ပတ်မှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အထွေထွေကုန်ကျစရိတ်များ၏ ဝန်ထုပ်ဝန်ပိုးအပြည့်အစုံကို ရင်ဆိုင်ရသည်။ သုတေသန အသားပေးတက္ကသိုလ်များအနေဖြင့် ယင်းတို့၏လုပ်ငန်းများကို ထောက်ပံ့ရန်အတွက် ကြီးမားသော အခြေခံအဆောက်အအုံနှင့် အုပ်ချုပ်ရေး (F&A - Facilities and Administrative) ကုန်ကျစရိတ်များကို ကျခံရနိုင်ပါသည်။ ယင်းသည် အစိုးရထောက်ပံ့ကြေးများမှ အပြည့်အဝပြန်လည်ရရှိရန် ခက်ခဲနိုင်သော ဝန်ထုပ်ဝန်ပိုးဖြစ်သည်။ ဤငွေကြေးဖိအားသည် အစိုးရရန်ပုံငွေအပေါ် မှီခိုမှုကြောင့် ပိုမိုဆိုးရွားနိုင်ပြီး ရန်ပုံငွေအများစုကို လစာများအတွက် ဦးစားပေးခွဲဝေပေးခြင်းကြောင့် သင်ရိုးညွှန်းတမ်းများနှင့် အခြေခံအဆောက်အအုံများကို မရှိမဖြစ်လိုအပ်သော ခေတ်မီအောင် လုပ်ဆောင်ရန် ရန်ပုံငွေ အကန့်အသတ်ဖြစ်စေသည်။

မူလအစမှ အသစ်တည်ထောင်ထားခြင်း ဆောင်ရွက်သော တက္ကသိုလ်တစ်ခုသည် ပညာရေးနှင့် ပညာရှင်ဆိုင်ရာ အထီးကျန်မှုအန္တရာယ်ကိုလည်း ရင်ဆိုင်ရနိုင်ပါသည်။ သီးသန့်အာရုံစိုက်မှုသည် ခေတ်သစ်စိုက်ပျိုးမွေးမြူရေး၏ ရှုပ်ထွေးသော စိန်ခေါ် မှုများကို ဖြေရှင်းရန်အတွက် လိုအပ်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေသော "သီးခြားခွဲထားခြင်း"သို့ ဦးတည်နိုင်ပါသည်။ ဤကွဲပြားမှုသည် အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ စက်မှုလုပ်ငန်း မိတ်ဖက်များ၊ အစိုးရအေဂျင်စီများ၊ ပုဂ္ဂလိကလုပ်ငန်းများအကြားတွင် အဆက်အသွယ် ပြတ်တောက်စေနိုင်ပြီး ဘက်စုံပညာရပ်များပါဝင်သည့် ကျွမ်းကျင် စိုက်ပျိုးမွေးမြူရေး ပညာရှင်အင်အားအတွက် ကျောင်းသားကျောင်းသူများအား လေ့ကျင့်ပေးနိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။

**(ခ) ရှိပြီးသားတက္ကသိုလ်တစ်ခုတွင် စိုက်ပျိုးမွေးမြူရေးမဟာဌာန/ကောလိပ် ပုံစံတိုးချဲ့ခြင်း**

ဤပုံစံသည် စိုက်ပျိုးရေး မဟာဌာန သို့မဟုတ် ကောလိပ်အသစ်တစ်ခုကို ရှိပြီးသား ဥပမာ - မြန်မာနိုင်ငံဆိုလျှင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ နာမည်ရ၊ ပြည့်စုံသော တက္ကသိုလ်တစ်ခု၏ ပညာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ မူဘောင်အတွင်းသို့ ပေါင်းစည်းပေးခြင်းဖြစ်ပါသည်။ ***စာမျက်နှာ ၁၁ သို့***

*စာမျက်နှာ ၁၀ မှ*

ဤစနစ်သည် သမိုင်းကြောင်းအရ ဥပမာ – အမေရိကန်မြေငှားတက္ကသိုလ်စနစ် (U.S. land–grant system)တွင် အခြေခံထားပြီး သင်ကြားခြင်း၊ သုတေသနနှင့် တောင်သူ/လူမှုအကျိုးပြုလုပ်ငန်းဟူသည့် ရည်မှန်းချက်သုံးရပ်(Teaching, Research and Extension) ပေါ်တွင် လည်ပတ်နေပါသည်။ ဥပမာ – အမေရိကန်တက္ကသိုလ်များတွင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဌာန/ယူနစ်အသစ်ကို စိုက်ပျိုးမွေးမြူရေး သိပ္ပံနှင့်သဘာဝအရင်းအမြစ်ကောလိပ် (College of Agricultural Sciences and Natural Resources – CASNR) ဟု မကြာခဏ ခေါ်ဝေါ်လေ့ရှိပြီး မိခင်တက္ကသိုလ်အဖွဲ့အစည်း၏ ရှိပြီးသားနာမည်ဂုဏ်သတင်း၊ အခြေခံအဆောက်အအုံနှင့် အဆင့်မြင့် ပညာရေးကွန်ရက်တို့မှ အကျိုးအမြတ်များစွာရရှိနိုင်ပါသည်။

**(ခ–၁) အားသာချက်များ**

ဤပုံစံ၏ အရေးအကြီးဆုံး အားသာချက်မှာ ၎င်းပေးစွမ်းနိုင်သော ကြီးမားသည့် ငွေကြေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ထိရောက်မှုပင်ဖြစ်သည်။ မိခင်တက္ကသိုလ်၏ရှိပြီးသား အခြေခံ အဆောက်အအုံများဖြစ်သော အုပ်ချုပ်ရေး၊ စာကြည့်တိုက်များ၊ သတင်းအချက်အလက် နည်းပညာ/အိုင်တီနှင့် ကျောင်းသားဝန်ဆောင်မှုများကို အသုံးချခြင်းဖြင့် ဌာနအသစ်သည် အစကနေ ကျောင်းဝင်းအသစ်တစ်ခု တည်ဆောက်ခြင်းနှင့် ဆက်စပ်နေသော ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် လည်ပတ်မှုကုန်ကျစရိတ်များကို ရှောင်ရှားနိုင်သည်။ ၎င်းသည် ကနဦးတည်ထောင်မှုကုန်ကျစရိတ်များကို သိသိသာသာ လျှော့ချပေးပြီး အုပ်ချုပ်ရေးဆိုင်ရာ အထွေထွေဝန်ထုပ်ဝန်ပိုးကို အဖွဲ့အစည်းတစ်ခုလုံးသို့ ခွဲဝေပေးသည်။ ၎င်းသည် လုပ်ငန်းသစ်ကို ပိုမိုငွေကြေးခိုင်မာစေပြီး ရေရှည်တည်တံ့စေသည်။

ထို့အပြင် ဤပုံစံသည် ကဏ္ဍ/ပညာရပ်ပေါင်းစုံ (Multidisciplinary/Comprehensive Approach) ပူးပေါင်းဆောင်ရွက်ရန်အတွက် နှိုင်းယှဉ်၍မရသော အခွင့်အလမ်းများကို ပေးစွမ်းသည်။ စိုက်ပျိုးမွေးမြူရေးဌာနအသစ်သည် ပတ်ဝန်းကျင်၊ ပညာရေး၊ စီးပွားရေး၊ ဆက်သွယ်ရေး၊ ဇီဝဓာတုဗေဒနှင့် အင်ဂျင်နီယာဌာနများကဲ့သို့သော အခြားဌာနများနှင့် ချောမွေ့စွာ အပြန်အလှန်ဆက်သွယ်နိုင်သည့် ကြွယ်ဝသော ပညာရေးစနစ်ထဲသို့ ချက်ချင်းဝင်ရောက် ပေါင်းစည်းသွားသည်။ ရာသီဥတုပြောင်းလဲမှုနှင့် စားရေရိက္ခာဖူလုံရေးကဲ့သို့သော ခေတ်သစ် စိုက်ပျိုးမွေးမြူရေးပြဿနာများသည် ရှုပ်ထွေးပြီး ဘက်စုံချဉ်းကပ်မှုလိုအပ်သည်။ ဤပုံစံသည် ပညာရပ်/ဘာသာရပ်ပေါင်းစုံ အယူအဆများ အပြန်အလှန် ဖလှယ်ရန်နှင့် ပူးပေါင်း၍ ကဏ္ဍစုံသုတေသနလုပ်ငန်းများအတွက် အကောင်းဆုံးပတ်ဝန်းကျင်ကို ပေးစွမ်းနိုင်ပါသည်။

ကျောင်းသား ကျောင်းသူများအတွက်လည်း အလားတူ အရေးပါသော အကျိုးကျေးဇူးများရှိပါသည်။ သီးသန့်စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုတွင် ပုံမှန်အားဖြင့် မရရှိနိုင်သော ရူပဗေဒ၊ သင်္ချာ အခြေခံမိုးလေဝသပညာနှင့် ရှုခင်းဗိသုကာပညာကဲ့သို့သော ပိုမိုကျယ်ပြန့်သည့် ပညာရေးဆိုင်ရာ အဓိကဘာသာများ၊ သာမန်ဘာသာများနှင့် ရွေးချယ်နိုင်သော ဘာသာရပ်များကို ရရှိနိုင်သည်။ ဤသည်မှာ ပိုမိုပြည့်စုံပြီး ပြောင်းလွယ်ပြင်လွယ်ရှိသော ပညာရေးအတွေ့အကြုံကို ပေးနိုင်ပါသည်။ ဆရာ ဆရာမများလည်း ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် အလုပ်အာမခံချက်တို့ကို ပေးစွမ်းနိုင်သော အဖွဲ့အစည်း၏ အုပ်ချုပ်ရေးဆိုင်ရာ အကာအကွယ်များနှင့် ရာထူးတိုးမြှင့်မှုများမှ အကျိုးအမြတ်ရရှိနိုင်သည်။ ငွေကြေးအကျပ်အတည်း ကြုံနေသော သီးသန့်အဖွဲ့အစည်းအသစ်တစ်ခုအနေဖြင့် ပေးစွမ်းနိုင်စွမ်းမရှိနိုင်သော အရာများဖြစ်သည်။

**(ခ–၂) အားနည်းချက်များ**

ဌာနအသစ်တစ်ခုအတွက် အဓိကစိန်ခေါ်မှုမှာ အဖွဲ့အစည်းဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အကန့်အသတ်ဖြစ်သွားနိုင်ခြင်းပင်ဖြစ်သည်။ ဆရာ ဆရာမများသည် ၎င်းတို့၏ဘာသာရပ်များနှင့် သုတေသနအပေါ် ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ထိန်းသိမ်းထားသော်လည်း စိုက်ပျိုးမွေးမြူရေး မဟာဌာနသည် ဘတ်ဂျက်ခွဲဝေမှု၊ ဝန်ထမ်းခန့်အပ်မှုနှင့် ပရိုဂရမ်/ဘာသာရပ်အသစ် အတည်ပြုမှုကဲ့သို့သော အဓိကအဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ထိန်းချုပ်နိုင်စွမ်းမရှိနိုင်ပေ။ သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်မှုများကို နှောင့်နှေးစေပြီး ကျောင်းသားများအတွက် အတားအဆီးများ ဖြစ်ပေါ်စေသည့် အုပ်ချုပ်ရေးဆိုင်ရာ ပွတ်တိုက်မှု/မကျေလည်မှုကို ဖြစ်ပေါ်စေနိုင်သည်။ ဥပမာ – မြန်မာနိုင်ငံအတွက်ဆိုလျှင် ဝန်ကြီးဌာနချင်း မတူညီ၍ အခက်အခဲရှိနိုင်ပါသည်။

ပေါင်းစည်းထားသည့်ပုံစံသည် ဌာနအသစ်ကို ရန်ပုံငွေနှင့် အသိအမှတ်ပြုမှုအတွက် အခြားကောလိပ်များ၊ ဌာနများနှင့် ယှဉ်ပြိုင်ရန် လိုအပ်လာပါသည်။ အဆင့်မြင့်ပညာရေးအပေါ် ငွေကြေးဖိအားများ တိုးလာနေချိန်တွင် ဤပြိုင်ဆိုင်မှုသည် ပြင်းထန်နိုင်ပြီး လူသားအရင်းအမြစ်များ ဆုံးရှုံးခြင်းသို့မဟုတ် အထူးပြုဘာသာရပ်များ လျှော့ချခြင်းသို့ဦးတည်သွားနိုင်ပါသည်။ နောက်ဆုံးတွင် ဤစနစ်၏ ထူးခြားသော စိုက်ပျိုးမွေးမြူရေး ရည်ရွယ်ချက်များသည် ပိုမိုကျယ်ပြန့်သော အဖွဲ့အစည်းဆိုင်ရာ ဦးစားပေးမှုများကြောင့် လျော့ပါးသွားနိုင်သည်။ တစ်ခုတည်းသော အမှတ်အသားနှင့် အကျိုးပြုနေသော စိုက်ပျိုးမွေးမြူရေး အသိုက်အဝန်းနှင့် တိုက်ရိုက်ဆက်သွယ်မှုကို ရရှိနိုင်ရန် ပိုမိုခက်ခဲစေနိုင်ပါသည်။

**စာရေးသူ၏ အတွေးတစ်စ**

**ဇယား – ၁ နိုင်ငံအချို့ရှိ စိုက်ပျိုး၊ မွေးမြူရေး၊ ဘာသာများ သင်ကြား၊ ဘွဲ့ပေးနေသော တက္ကသိုလ်များ (၂၀၂၄)**

**ဇယား – ၂ နိုင်ငံအချို့ရှိ ဘာသာရပ်အလိုက် ဘွဲ့ရ လူဦးရေ ၁၀၀–လျှင် ရှိသည့် ရာခိုင်နှုန်း (၂၀၂၀)**

ပူးတွဲပါဇယား – ၁ နှင့် ၂ အရ စာရေးသူတို့ စိုက်ပျိုးမွေးမြူရေး အခြေခံသော မြန်မာနိုင်ငံတွင် စိုက်ပျိုး၊ မွေးမြူရေးပညာရှင်များစွာ လိုအပ်နေပါသေးသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း သဘာဝအရ မြို့ကြီးများထက် ကျေးလက်ဒေသများနှင့် နီးစပ်ရပါမည်။ အခြားနိုင်ငံများကဲ့သို့ ဥပမာ – စပါး၊ ပြောင်းဖူး၊ မြေပဲ၊ ပဲစင်းငုံ၊ သရက်၊ ခရမ်းချဉ်သီး၊ နှင်းဆီပန်း စသည်ဖြင့် သီးနှံတစ်ခုတည်းကို လုပ်သက်တစ်လျှောက်လုံး တစိုက်မတ်မတ် သင်ကြား၊သုတေသနပြုနေသူ စိုက်ပျိုးရေးပညာရှင်များမှာလည်း နည်းပါးနေပါသေးသည်။

(က) အိန္ဒိယနိုင်ငံပုံစံ ပြည်နယ်နှင့်တိုင်းများတွင် စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ် (New State Agri–cultural Universities) အသစ်များ ဆက်လက်ဖွင့်လှစ်မည်လား။ တက္ကသိုလ်အသစ်တစ်ခု ဖွင့်လှစ်ရန်မှာ ငွေကြေး၊ နေရာအကျယ်အဝန်း၊ လူ့စွမ်းအားအရင်းအမြစ်ကအစ ထည့်တွက်ရပါမည်၊

(ခ) ရှိပြီးသား တက္ကသိုလ်များတွင် စိုက်ပျိုးမွေးမြူရေးမဟာဌာနအသစ် (New Faculty of Agriculture under Existing Universities) ဖွင့်လှစ်ပြီး ဆရာ ဆရာမအင်အား အနည်းငယ်နှင့် လက်တွေ့တစ်ခန်းစာ ကျောင်းသား ကျောင်းသူ ၄၀–၅၀ ခန့်နှင့် တိုင်းရင်းသားများရှိနေသော၊ ဝေးလံခေါင်ဖျားပြည်နယ်အရပ်များမှာ ရှိနေသော တက္ကသိုလ်များမှာ ဖွင့်လှစ်မည်လား။ ဥပမာ – ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်။ (၁၉၈၇ ခုနှစ် စာရေးသူတို့ မဟာသိပ္ပံတက်စဉ်က ဩစတြေးလျနိုင်ငံ ကွင်းစလန် တက္ကသိုလ် စိုက်ပျိုးမွေးမြူရေး မဟာဌာနတွင် စိုက်ပျိုးမွေးမြူရေးဘာသာ တစ်နှစ် ဘွဲ့ကြို ကျောင်းသား ကျောင်းသူ ၅၀ သာ လက်ခံခဲ့ပါသည်။ သို့သော် ဩစတြေးလျနိုင်ငံရှိ ပြည်နယ်အားလုံးရှိ နာမည်ကြီး တက္ကသိုလ်များတွင် စိုက်ပျိုး၊ မွေးမြူရေး မဟာဌာနရှိပါသည်။)

(ဂ) ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်များ (Agri–culture Subjects in Private Universities) မှာ စိုက်ပျိုး၊ မွေးမြူရေးအဆင့်မြင့် (HE – Higher Education in Agriculture)နှင့် အသက်မွေးဝမ်းကျောင်းပညာ (TVET – Technical and Voca–tional Education and Training in Agriculture) ဘာသာရပ်များ သင်ကြားလာအောင် အားပေးကူညီမည်လား။ (ဇယား–၁၊ နိုင်ငံတကာတွင် စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားပေးနေသော ပုဂ္ဂလိကအဆင့်မြင့်ကျောင်းများကို လေ့လာနမူနာယူရပါမည်)

(ဃ) စိုက်ပျိုးမွေးမြူရေးသိပ္ပံ (SAI – State Agricultural Institute) အချို့တွင် စိုက်ပျိုး၊ မွေးမြူရေးကောလိပ်များ အဆင့်မြှင့်ဖွင့်လှစ်၍ မူလစိုက်ပျိုးမွေးမြူရေး ဒီပလိုမာလက်မှတ်ရသင်တန်းများအပြင် စိုက်ပျိုးရေးဘွဲ့၊ အသုံးချသိပ္ပံ –လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ မွေးမြူရေး (Bachelor of Applied Science – Agronomy, Horticulture, Animal Husbandry) စသည့်ဘွဲ့အသစ်များ ပေးအပ်မည်လား။ ဥပမာ – ဂျာမနီ၊ နယ်သာလန် စသည့်နိုင်ငံများသည် ဤစနစ်ဖြင့် အောင်မြင်နေသော နိုင်ငံများဖြစ်ပါသည်။ ဤစနစ်က စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလုပ်အကိုင်များကို အဓိကဦးစားပေးပါသည်။

အနာဂတ်ကာလ နိုင်ငံပိုမိုတိုးတက်ဖွံ့ဖြိုးလာရန် စိုက်ပျိုးမွေးမြူရေးပညာများ သင်ကြားပေးရန် စဉ်းစားစီမံစရာတွေ များစွာရှိလာပါလိမ့်မည်။ ။

**ဇယား – ၁ နိုင်ငံအချို့ရှိ စိုက်ပျိုး၊ မွေးမြူရေး၊ ဘာသာများ သင်ကြား၊ ဘွဲ့ပေးနေသော တက္ကသိုလ်များ (၂၀၂၄)**

| အမှတ်စဉ် | နိုင်ငံ | လူဦးရေ (သန်း) | အစိုးရပိုင် | ပုဂ္ဂလိကပိုင် | တက္ကသိုလ် စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အိန္ဒိယ | ၁၄၅၁ | ၆၇ | ၂၄၁ | ၃၀၈ |
| ၂ | တရုတ် | ၁၄၁၉ | *(၇၉) | – | ၇၉ |
| ၃ | ဘင်္ဂလားဒေ့ရှ် | ၁၇၄ | ၁၀ | ၅ | ၁၅ |
| ၄ | ဂျပန် | ၁၂၄ | ၅၃ | ၁၅ | ၆၈ |
| ၅ | မလေးရှား | ၃၂ | *(၁၄) | – | ၁၄ |
| ၆ | ထိုင်း | ၇၂ | ၂၄ | ၂ | ၂၆ |
| ၇ | ဖိလစ်ပိုင် | ၁၁၉ | ၂၄ | ၂၃ | ၄၇ |
| ၈ | ဗီယက်နမ် | ၁၀၁ | *(၁၆) | – | ၁၆ |
| ၉ | မြန်မာ | ၅၅ | **၃ | – | ၃ |

* အစိုးရ+ပုဂ္ဂလိက Both Public and Private HEIs

** ၂၀၂၅–ခုနှစ်တွင် မအူပင် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်အသစ် ထပ်မံဖွင့်လှစ်ပါမည်၊

**ဇယား – ၂ နိုင်ငံအချို့ရှိ ဘာသာရပ်အလိုက် ဘွဲ့ရ လူဦးရေ ၁၀၀–လျှင် ရှိသည့် ရာခိုင်နှုန်း (၂၀၂၀)**

| ဘာသာရပ် | မြန်မာ | ဖိလစ်ပိုင် | ဂျပန် | အမေရိကန် |
|---|---|---|---|---|
| စိုက်ပျိုး၊မွေးမြူရေး(%) Agriculture | ၀.၅ | ၂.၂ | ၂.၆ | ၁.၀ |
| ပညာရေး (%) Education | ၂.၃ | ၁၃.၃ | ၇.၂ | ၉.၅ |
| အင်ဂျင်နီယာ၊ ကွန်ပျူတာ(%) Engineer, ICT | ၃.၉ | ၁၁.၅ | ၁၇.၁ | ၇.၂ |
| ဆရာဝန်၊ သူနာပြု (%) Health | ၁.၃ | ၁၅.၇ | ၁၃.၀ | ၁၇.၃ |
| လူမှုရေး၊ စီးပွားရေး၊ ဥပဒေ (%) Social Sci., Business, Law | ၁၄.၁ | ၃၁.၅ | ၂၇.၀ | ၃၆.၄ |
| ဝန်ဆောင်မှု (%) Services | ၀.၃ | ၄.၉ | ၈.၅ | ၇.၇ |
| ဝိဇ္ဇာနှင့်လူမှုဘာသာ (%) Humanities and Arts | ၃၄.၄ | ၂.၁ | ၁၄.၇ | ၁၁.၉ |
| ရိုးရိုးသိပ္ပံ (%) Pure Science | ၄၃.၂ | ၁၄.၀ | ၃.၁ | ၈.၉ |
| အခြား Unspecified Field (%) | ၀.၀ | ၄.၈ | ၆.၈ | ၀.၁ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

Source – UNESCO/World Bank

## နတ်တလင်းမြို့၌ ပြည်ပပို့ကုန်သီးနှံ ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး နည်းပညာဆွေးနွေး

နတ်တလင်း အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပြည်ပပို့ကုန်သီးနှံ ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းရှင်များနှင့် တောင်သူ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွေးက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးဆောင်ရွက်မည့်အစီအစဉ်များ၊ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေးမှုအခြေအနေများ၊ စိုက်ပျိုးနည်းပညာပေးခြင်းနှင့် စစ်ဆေးခြင်းများကို ရှင်းလင်းပြောကြားခဲ့သည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ဆုတောင်းပြည့်စေတီတော်နှင့် အောင်ချမ်းသာဆုတောင်းပြည့် စေတီတော် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော် စိန်ဖူးတော်တင်လှူခြင်းအခမ်းအနားကျင်းပ

မုံရွာ အောက်တိုဘာ ၃

**ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် သစ္စာစေတီ ဘုရားပရိဝုဏ်အတွင်းရှိ သံ၊ ဂုဏ်၊ ပ၊ မ ဆုတောင်းပြည့်စေတီတော်နှင့် အောင်ချမ်းသာဆုတောင်းပြည့်စေတီတော် ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်တင်လှူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။**



အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ တက်ရောက်ကြပြီး တကောင်းကျောင်းသစ်သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တသာသနထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ စိန်ဖူးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စစ်ကိုင်းမြို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပြည်တော်အေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသထံမှ အနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ သံ၊ ဂုဏ်၊ ပ၊ မ ဆုတောင်းပြည့်စေတီတော်နှင့် အောင်ချမ်းသာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်အဖွဲ့ အုပ်ချုပ်သူထံ အောင်နိုင်ရေးအလံပေးအပ်ကာ အနုပညာရှင်၊ ဝါသနာရှင်များက ပြိုင်ပွဲဝင်ရန် ပြင်ဆင်လေ့ကျင့်ထားသည့် အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက် လေ့ကျင့်ရေးအထက်တန်းကျောင်းရှိ "ပညာ့ရောင်ခြည်" ခန်းမ၌ကျင်းပသည့် ကျောင်းပြင်ပ ပညာရေး(မူလတန်းNFPE/ အလယ်တန်း NFME) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားပြီး စာသင်ဆောင်များ၌ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း(Dip.EP) ဖွင့်ပွဲကျင်းပ

**မကွေး အောက်တိုဘာ ၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးပညာရေး ဒီဂရီကောလိပ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတော်အတွက် အရေးပါသည့် ပညာရေးကဏ္ဍကို တာဝန်ယူဆောင်ရွက်နေကြသည့် အခြေခံပညာ ဆရာ ဆရာမများ၏ သင်ကြားရေး အရည်အသွေးများ မြင့်မားတိုးတက်စေရန် ရည်ရွယ်ပြီး သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) အမှတ်စဉ် (၂/၂၀၂၅) ကို ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည့်အခါ ပညာရေးဒီပလိုမာရရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် မူလတန်းပြ၊ အလယ်တန်းပြဆရာ ဆရာမများ ဖြစ်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ရည်မှန်း ဆောင်ရွက်နေသည့် အတိုင်း အသိပညာ၊ ကျွမ်းကျင်မှု၊ အတွေးအခေါ်များအားလုံး ဟန်ချက်ညီညီ မှန်ကန်ဖွံ့ဖြိုးပြည့်ဝသည့် ဆရာ ဆရာမများ အဖြစ် နိုင်ငံတော်တိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ ဆောင်ရွက်နိုင်ကြသူများ ဖြစ်စေရန် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြမည်ဟု ယုံကြည်မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများက "ပညာ့ပန်းဝေ ဖန်ခါးမြေ" ကျောင်းသီချင်း၊ "ပညာရေးကောလိပ် ကျောင်းသီချင်း" တို့ဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့သည့် အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

မကွေးပညာရေး ဒီဂရီကောလိပ်၌ ဖွင့်လှစ်သည့် ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်း (Dip.EP) ကို အောက်တိုဘာ ၁ ရက်မှ ၃၀ ရက်အထိ ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် သင်တန်းကာလ နှစ်လ၊ လက်တွေ့ တန်းပြဆင်းခြင်း တစ်လသတ်မှတ်ပြီး သင်တန်းသား သင်တန်းသူ ၁၅၀ ဖြင့် သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

**ထားဝယ် အောက်တိုဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (ထားဝယ်)တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ မြို့တော်ခန်းမ (၂) ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အခြေခံ စက်ချုပ်သင်တန်းကို အောင်မြင်စွာ တက်ရောက်ခဲ့သည့် သင်တန်းသားများအနေဖြင့် သင်တန်းက စာတွေ့၊ လက်တွေ့ သင်ကြား တတ်မြောက်ခဲ့သော အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း အတတ်ပညာနှင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေရရှိနိုင်ပြီး မိသားစုများ၏ လူမှုဘဝမြင့်မားကာ ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သောကြောင့် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး နည်းပြများအား ချီးမြှင့်ငွေပေးအပ်ကာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ပင်းချောင်း ရေကြီးရေလျှံကာ သုံးဆယ့်ခြောက်ကျေးရွာ ရေလယ်ရွှေဥမင်ဘုရားရင်ပြင်တော်ပေါ်တွင် တင်ကျန်ရစ်သည့် သဲနုန်းများကို အောက်တိုဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇွဲကိုကိုဇော်နှင့် တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကြေညာထားရှိမှုအား ကွင်းဆင်းကြည့်ရှု



**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် အောက်တိုဘာ ၁ ရက် နံနက်က တာဝန်ရှိသူများနှင့်အတူ နေပြည်တော် တပ်ကုန်း မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားခြင်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်၊ ဗိုလ်မင်းရောင်ရပ်ကွက်နှင့် ဆရာစံရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ပြီး မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားရှိမှုများတွင် ရပ်ကွက်ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို ကြည့်ရှုအားပေးကာ မြို့နယ်တာဝန်ရှိသူများအား ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ ကပ်ထားကြေညာထားသည့် မဲစာရင်းများကိုလည်း ပြည်သူများ သိရှိစေရေး ဆောင်ရွက်သွားရန်နှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၅ ခုနှစ် (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားရုံ (နဝဒေး)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသားပွဲများအဖြစ် ဗန်တိုအတိုက် (က)တန်းပြိုင်ပွဲ၊ ဗန်တို(ခ)တန်းပြိုင်ပွဲ၊ ပန်ကြပ်ဆီလက်အတိုက် (က)တန်းပြိုင်ပွဲ၊ ဓားတစ်လက် အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီးပွဲများအဖြစ် ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ ဓားတစ်လက် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းဆုရရှိသော အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာ ၂၂ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးလက်လမ်းများကောင်းမွန်ရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးလက်လမ်းများကောင်းမွန်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် သရက်ခုံကျေးရွာ ကုန်ထုတ်လမ်း ပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။ လယ်ဝေးမြို့နယ် V-4 လမ်းမပေါ်ရှိ စိုက်ပျိုးထားသော အရိပ်ရ အပင်၊ ပန်းပင်တို့ကို ရှင်သန်ကြီးထွားစေရန်၊ သန့်ရှင်းသာယာလှပစေရန် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား အစဉ်အမြဲ ဂရုစိုက်လုပ်ဆောင်ကြရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်သည် စည်ပိုင်းကျေးရွာ ကျေးရွာချင်းဆက်လမ်း ပျက်စီးနေမှုကို ကွင်းဆင်းစစ်ဆေးပြီး လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် အမြန်ပြန်လည်ပြုပြင်ရန် ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ သီးနှံများ ရာသီပြည့်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေအပြည့် စိုက်ပျိုးရေး၊ ဆည်ရေ ရရှိရေး၊ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများကို စနစ်တကျ လိုက်နာအသုံးပြုစေရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မက်မန်းမြို့၌ MCCT အာဟာရအသိပညာပေးဟောပြောပွဲကျင်းပ

**မက်မန်း အောက်တိုဘာ ၃**

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် MCCT အာဟာရ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မက်မန်းမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က အမှာစကားပြောကြားပြီး အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်သီတာချမ်းအေး၊ သားဖွားဆရာမ ဒေါ်မီးခါလား၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းယုဝေ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ခံ ဒေါ်စုသဲဖြူတို့က အသိပညာပေး ဟောပြောဆွေးနွေးကြသည်။



ထို့နောက် အခမ်းအနားတက်ရောက်လာသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များအား အာဟာရပစ္စည်းဖြစ်သည့် ကြက်ဥများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

**အေဇက်ထွန်း(မက်မန်း)**

# မုတ်သုံလေ အားသင့်အတင့်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ညောင်ရွှေ၌ ငါးနှစ်အောက်ကလေးငယ်များ အာဟာရအခြေအနေ ဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း မြို့နယ်အဆင့်အသိပေးဆွေးနွေး

**ညောင်ရွှေ အောက်တိုဘာ ၃**

အသက် ငါးနှစ်အောက် ကလေးငယ်များ အာဟာရအခြေအနေ ဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက်က ညောင်ရွှေမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး ညောင်ရွှေမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းက အသက်ငါးနှစ်အောက်ကလေးငယ်များ အာဟာရအခြေအနေ ဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက်တက်ရောက်လာသူများက လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကြပြီး ခင်းကျင်းပြသထားသည့် အာဟာရစောင့်ရှောက်မှု လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုကြသည်။



အဆိုပါ လုပ်ငန်းစဉ်ကို အောက်တိုဘာ ၆ ရက်မှ ၂၀ ရက်အထိ ညောင်ရွှေမြို့နယ်အတွင်းရှိ ကလေး ၅၃၈၁ ဦးအား စုရပ်နေရာ ၈၁ ခု သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## အာဖဂန်နစ္စတန်နိုင်ငံသည် နှစ်စဉ်ပျားရည်တန်ချိန် ၂၂၀၀ ထုတ်လုပ်ပေး



ကဘူးလ် အောက်တိုဘာ ၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်သည် ယခုနှစ်အတွင်း ပျားရည် ခြောက်တန် တင်ပို့နိုင်ခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဟာနက်ဖ်ဟက်မေးလ်က အောက်တိုဘာ ၃ ရက်တွင် ပြောကြားသည်။

**ပျားရည်ခြောက်တန် တင်ပို့နိုင်**

ကန်ဒါဟာ ပြည်နယ်တစ်ခုတည်းတွင် ပျားရည်တန်ချိန် ၄၅ တန် ထုတ်ယူနိုင်ခဲ့ပြီး အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် အိုမန်တို့သို့ ယခုအချိန်အထိ ပျားရည်ခြောက်တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရက ယင်းပြည်နယ်အတွင်း ပျားမွေးမြူရေးလုပ်ငန်းကို ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားသည်။

**ပျားမွေးမြူရေးခြံ ၃၂၀၀ ရှိ**

အာဖဂန်နစ္စတန်နိုင်ငံ၌ ပျားမွေးမြူရေးခြံ ၃၂၀၀ ရှိပြီး နိုင်ငံသည် နှစ်စဉ် ပျားရည်တန်ချိန် ၂၂၀၀ ကို ထုတ်လုပ်ပေးကြောင်း တရားဝင်သတင်းအချက်အလက်များအရ သိရသည်။

**ဈေးကွက်ရှာဖွေရန် လုပ်ဆောင်**

စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေး ဝန်ကြီးဌာနက အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပျားမွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်တိုးချဲ့ရန် ကတိပြုထားပြီး ပြည်တွင်း၌ ထွက်ရှိသည့် ပျားရည်များကို ပြည်ပသို့ ဈေးကွက်ရှာဖွေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ၌ ကျောင်းပြိုကျမှုကြောင့် သေဆုံးသူရှစ်ဦးရှိ

ဂျကာတာ အောက်တိုဘာ ၃

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ ကျောင်းပြိုကျမှုဖြစ်ပွားသဖြင့် သေဆုံးသူစုစုပေါင်း ရှစ်ဦးအထိတိုးလာကြောင်း အကြီးတန်းကယ်ဆယ်ရေးအရာရှိတစ်ဦးက အောက်တိုဘာ ၃ ရက်တွင် ပြောကြားသည်။

ကယ်ဆယ်ရေးသမားများက နောက်ထပ်သေဆုံးသူသုံးဦးကို ပြန်လည်တွေ့ရှိခဲ့သဖြင့် သေဆုံးသူ စုစုပေါင်း ရှစ်ဦးရှိလာကြောင်း၊ တူးဖော်ခြင်းလုပ်ငန်းများ ဆက်လက်ပြုလုပ်သည့်နေရာတွင် စက်ယန္တရားကြီးများကို ထိထိရောက်ရောက် အသုံးပြုလျက်ရှိကြောင်း၊ ပျောက်ဆုံးသူ ၅၅ ဦးရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ၏ အကြီးအကဲဖြစ်သူ ဆူဟာရန်တိုက ပြောကြားသည်။

ဆီဒိုရာဂျိုခရိုင်၌ အထပ်ပေါင်းများစွာရှိသည့် ဘော်ဒါကျောင်း၏ အစိတ်အပိုင်းမှာ စက်တင်ဘာ ၂၉ ရက်က ပြိုကျမှုဖြစ်ပွားခဲ့ရာ ဒါဇင်နှင့်ချီသည့် ကျောင်းသား ကျောင်းသူများ ပိတ်မိနေကြောင်း သိရသည်။

ဆင်ဟွာ




## ဒီအာကွန်ဂိုရှိ အီဘိုလာဖြစ်ပွားမှု ကျဆင်းလာသည့် လက္ခဏာများပြသော်လည်း စိန်ခေါ်မှုများရှိနေဆဲဖြစ်

ကင်ရှာဆာ အောက်တိုဘာ ၃

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဒီအာစီ) ရှိ ကာဆိုင်းပြည်နယ်၌ အီဘိုလာဖြစ်ပွားမှု ကျဆင်းသည့် လက္ခဏာများရှိသော်လည်း ဘဏ္ဍာရေး လိုအပ်ချက်များနှင့် ထောက်ပံ့ပို့ဆောင်ရေး စိန်ခေါ်မှုများကြောင့် ရောဂါတိုက်ဖျက်ရေးကြိုးပမ်းမှုများကို အဟန့်အတားများ ဖြစ်ပေါ်နေဆဲဖြစ်သည်ဟု ကျန်းမာရေးအရာရှိများက အောက်တိုဘာ ၂ ရက်တွင် ပြောသည်။

စက်တင်ဘာ ၄ ရက်တွင် နိုင်ငံအတွင်း အီဘိုလာရောဂါဖြစ်ပွားနေကြောင်းကြေညာခဲ့သည်။ အောက်တိုဘာ ၂ ရက်အထိ အီဘိုလာဖြစ်ပွားသူ ၆၄ ဦးတွင် သေဆုံးသူ ၄၂ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၁၂ ဦးရှိကြောင်း၊ ယခုအချိန်အထိ ကျန်းမာရေးဝန်ထမ်း ၈၀၀၀ ကျော်၊ အတည်ပြုလူနာများနှင့် ၎င်းတို့နှင့် ထိတွေ့ဆက်ဆံခဲ့သူများကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ ရောဂါတိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးအလုံးရေ ၁၈၀၀၀ ပေးပို့ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဆင်ဟွာ

## အမေရိကန် အဆိုပြုထားသည့် ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို မကြာမီတုံ့ပြန်မည်ဟု ဟားမားစ်တို့ပြော

ဝါရှင်တန် အောက်တိုဘာ ၃

ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခများ အဆုံးသတ်စေမည့် အမေရိကန်က အဆိုပြုထားသော အချက် ၂၀ ပါ ငြိမ်းချမ်းရေးအစီအစဉ်ကို မကြာမီအချိန်အတွင်း တုံ့ပြန်သွားမည်ဟု ဟားမားစ်အုပ်စုက ပြောသည်။

**ငြိမ်းချမ်းရေးအစီအစဉ် အဆိုပြု**

စက်တင်ဘာ ၂၉ ရက်က အမေရိကန်သည် ငြိမ်းချမ်းရေးအစီအစဉ်ကို အဆိုပြုခဲ့ပြီး ယင်းအစီအစဉ်တွင်ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့် ဟားမားစ်တို့ လက်နက်ဖျက်သိမ်းရေးများ ပါဝင်သည်။

ယင်း ငြိမ်းချမ်းရေးအစီအစဉ်အဆိုပြုချက်ကို ဟားမားစ်အုပ်စုအနေဖြင့် လက်ခံရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တိုက်တွန်းလျက်ရှိသည်။ အကယ်၍ လက်မခံခဲ့ပါက ဝမ်းနည်းကြေကွဲဖွယ် အဆုံးသတ်ရမည်ဟု အမေရိကန်သမ္မတထရမ့်က ပြောသည်။

**ဆွေးနွေးတိုင်ပင်မှုများ စတင်**

ဟားမားစ်အဖွဲ့သည် ငြိမ်းချမ်းရေး အဆိုပြုချက်ကို စက်တင်ဘာ ၂၉ ရက်က လက်ခံရရှိခဲ့ပြီး ယင်းနောက်တွင် ပြည်တွင်းပြည်ပ ဆွေးနွေးတိုင်ပင်မှုများ စတင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ သေကျေပျက်စီးမှုများနှင့် စစ်ပွဲကိုရပ်တန့်ရန် ရည်ရွယ်ချက်ဖြင့် ယင်းအစီအစဉ်ကို ဆွေးနွေးသွားမည်ဟု ဟားမားစ်အုပ်စုက ပြောသည်။

**မကြာမီကြေညာသွားမည်**

ငြိမ်းချမ်းရေးအစီအစဉ် အဆိုပြုချက်နှင့် ပတ်သက်၍ ၎င်းတို့၏သဘောထားကို မကြာမီကြေညာသွားမည်ဟု ဟားမားစ်တို့က ပြောကြားခဲ့သည်။

ယခင်အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုတွင် ဟားမားစ်တို့သည် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များ အပြီးတိုင်ဆုတ်ခွာပေးရန် တောင်းဆိုခဲ့သည်။

အမေရိကန်အဆိုပြုထားသည့် အစီအစဉ်တွင် အပြီးတိုင်ဆုတ်ခွာရေးအတွက် အခြေအနေများ သတ်မှတ်ချက်မပြည့်မီသေးချိန်အတွင်း တိုက်ပွဲများကို ရပ်တန့်ထားမည်ဟု ပါဝင်သည်။

ဟားမားစ်တို့က ယင်းအဆိုပြုချက်ကို မည်သို့တုံ့ပြန်မည်ဆိုသည်ကို အာရုံစိုက်နေကြသည်။

အင်န်အိတ်ချ်ကေ

## အရှေ့တောင်အာရှ သုံးနိုင်ငံသို့ အပူပိုင်းမုန်တိုင်း မက်မို ချဉ်းကပ်ဝင်ရောက်မည်

ဗီယင်ကျန်း အောက်တိုဘာ ၃

လာအိုမိုးလေဝသဗျူရိုက အပူပိုင်းမုန်တိုင်း မက်မို ချဉ်းကပ်လာသောကြောင့် မိုးအဆက်မပြတ်ဆက်လက်ရွာသွန်းမည့် သတိပေးချက်တစ်ခု ထုတ်ပြန်လိုက်ပြီး ပြည်သူများကို သတိဖြင့်နေထိုင်ရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုအန္တရာယ်များကို သတိထားရန် တိုက်တွန်းထားသည်။


အဆိုပါ အပူပိုင်းမုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ၂၀ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိပြီး လာအိုသို့ ဖြတ်ကျော်မဝင်ရောက်မီ ဖိလစ်ပိုင်နိုင်ငံကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

မုန်တိုင်းဖြတ်ကျော်ဝင်ရောက်စဉ် လာအိုနိုင်ငံတစ်ဝန်း အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ မိုးကြိုးပစ်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပေါ်မည်ဟု လာအိုစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူများကို သတိထားနေထိုင်ကြရန်နှင့် လိုအပ်သောကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန် တိုက်တွန်းခဲ့သည်။

ယခင်မုန်တိုင်းများ၏ အရှိန်ကြောင့် လာအိုနိုင်ငံရှိ ပြည်နယ်အများအပြား၌ မိုးရွာသွန်းခြင်းများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ရေကြီးရေလျှံခြင်းများနှင့်ကြုံတွေ့လျက်ရှိသည်။ ထို့ပြင် မြစ်ရေဆက်လက်မြင့်တက်လျက်ရှိပြီး မြေသားအခြေအနေများ ဆိုးရွားလျက်ရှိသည်။

နောက်ဆက်တွဲရေကြီးနိုင်မှု အခြေအနေများ ဆက်လက်မြင့်တက်နိုင်သည့် အန္တရာယ်နှင့်ကြုံတွေ့နိုင်ကြောင်း သိရသည်။ မုန်တိုင်းသတင်းအချက်




အလက်များကို မျက်ခြည်မပြတ်သိရှိထားရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဘေးကင်းလုံခြုံရေးညွှန်ကြားချက်များကို လိုက်နာရန် ဒေသခံများကို အကြံပြုထားသည်။

ထို့အပြင် အဆိုပါမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံသို့ အောက်တိုဘာ ၅ ရက် နှောင်းပိုင်းတွင် ဝင်ရောက်နိုင်ကြောင်း ဗီယက်နမ်အမျိုးသားဗဟိုဌာန ရေအားလျှပ်စစ်-မိုးလေဝသခန့်မှန်းချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

# ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် အောက်တိုဘာ ၃**


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်း လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း စခန်း ၃၀ တို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။**




**၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၂ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | ခန္တီး | ၇.၂ |
| ၄ | တောင်ကြီး | ၆.၉ |
| ၅ | မိုင်းဆတ် | ၇.၁ |
| ၆ | ကျိုင်းတုံ | ၆.၉ |
| ၇ | စစ်ကိုင်း | ၇.၂ |
| ၈ | ညောင်ဦး | ၇.၁ |
| ၉ | မုံရွာ | ၆.၆ |
| ၁၀ | ပျဉ်းမနား | ၇.၂ |
| ၁၁ | ပြင်ဦးလွင် | ၇.၂ |
| ၁၂ | ကလေးဝ | ၆.၉ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၆ |
| ၁၄ | မှော်ဘီ | ၆.၅ |
| ၁၅ | မကွေး | ၇.၅ |
| ၁၆ | အောင်လံ | ၇.၀ |
| ၁၇ | စစ်တွေ | ၆.၈ |
| ၁၈ | ပြည် | ၆.၈ |
| ၁၉ | ပဲခူး | ၇.၁ |
| ၂၀ | တောင်ငူ | ၆.၈ |
| ၂၁ | ပုသိမ် | ၆.၅ |
| ၂၂ | မအူပင် | ၆.၅ |
| ၂၃ | ဟသ်ာတ | ၆.၉ |
| ၂၄ | မော်လမြိုင် | ၆.၅ |
| ၂၅ | ဘီးလင်း | ၆.၆ |
| ၂၆ | ဘားအံ | ၇.၁ |
| ၂၇ | ကော့ကရိတ် | ၆.၅ |
| ၂၈ | ထားဝယ် | ၆.၅ |
| ၂၉ | မြိတ် | ၆.၅ |
| ၃၀ | ကော့သောင်း | ၆.၆ |

**ပုံ(၂)၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။**




# ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ၊ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ(Parti–culate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် စက်တင်ဘာလ ၁၁ ရက်နေ့နှင့် ၁၄ ရက်နေ့တို့သည် AQl Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good)ဖြစ်ကြောင်း တွေ့ရှိရပါသည်။


တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ စက်တင်ဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၈ ရက်နှင့် အသင့်အတင့်အဆင့်၌ ၂ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့်အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**



# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ အောက်တိုဘာ ၂ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


မြောင်းမြမြို့နယ်
အောင်မင်း(မြောင်းမြ)


တွံတေးမြို့နယ်
မျိုးလှိုင်(တွံတေး)


ချမ်းအေးသာစံမြို့နယ်
ထွန်းထွန်းနိုင်


စစ်ကိုင်းမြို့နယ်
နေလင်းအောင်(ပြန်/ဆက်)


ချမ်းမြသာစည်မြို့နယ်
ချမ်းမြေ့(ချမ်း/စည်)


ပုသိမ်မြို့နယ်
ခရိုင်(ပြန်/ဆက်)


ပူတာအိုမြို့နယ်
ဖုန်ကန်(ပူတာအို)


ကွမ်းခြံကုန်းမြို့နယ်
ဆွေနွယ်(ပြန်/ဆက်)


မက်မန်းမြို့နယ်
အေဇက်ထွန်း(မက်မန်း)


ပျဉ်းမနားမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
သန်းသန်းအေး(ပြန်/ဆက်)


မုံရွာမြို့နယ်
ခရိုင်(ပြန်/ဆက်)


တောင်ငူမြို့နယ်
ခရိုင်(ပြန်/ဆက်)


သနပ်ပင်မြို့နယ်
အောင်မြင့်မြတ်(ပြန်/ဆက်)


တံတားဦး
ကျော်ဆန်း


ဒလမြို့နယ်
ခင်စန္ဒာမြင့်(ပြန်/ဆက်)


စလင်းမြို့နယ်
မောင်လွင်(စလင်း)


အဖျောက်မြို့
ဝတ်ရည်(ပြန်/ဆက်)

# လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီဝင်များအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၁၆/၂၀၂၅) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းကျောင်း၌ ကျင်းပသည်။




သင်တန်းဆင်းပွဲတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ကုန်ထုတ်စွမ်းအားတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှုလျော့နည်းကျဆင်းရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာကော်မတီဝင်များအနေဖြင့် လုပ်ငန်းခွင်၌ အလင်းရောင်၊ အပူချိန်၊ အသံ၊ အခိုးအငွေ့များနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်ဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေး၊ ကျန်းမာရေးကောင်းမွန်ပြီး သန့်ရှင်းသပ်ရပ်သည့် လုပ်ငန်းခွင်များကို ဖော်ဆောင်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားပြီး သင်တန်းသားများအား သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ Opal အထည်ချုပ်စက်ရုံ၊ Yangon Nadia Pacific Clothing Co.,Ltd. အထည်ချုပ်စက်ရုံ၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ Step Gao Mei Co., Ltd. အထည်ချုပ်စက်ရုံနှင့် Myanto Industrial Co., Ltd. အထည်ချုပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှိတာဝန်ခံများ၊ အလုပ်သမားအဖွဲ့အစည်းအဖွဲ့ဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများ၏ လုပ်ငန်းခွင်ဆိုင်ရာ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို နေပြည်တော်၌ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယနေ့ညပိုင်းတွင် ကချင်ပြည်နယ်မှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်များသည် နေပြည်တော်သို့ ရောက်ရှိကြသည်။

ထို့အတူ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အဖွဲ့များသည် နေပြည်တော်သို့ ရောက်ရှိနေကြပြီဖြစ်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များသည် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ထပ်မံရောက်ရှိကြမည်ဖြစ်သည်။

ထိုသို့ ရောက်ရှိလာကြသည့် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်များကို တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုနေထိုင်မည့် ရွာတော်တည်းခိုရေးစခန်းရှိ တည်းခိုဆောင်များတွင် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးကြသည်။

"ပြိုင်ပွဲ ကျင်းပတော့မယ်ဆိုတာ ကြားသိကတည်းက ကျွန်မတို့ ပြည်နယ်အနေနဲ့ ကြိုတင်ပြင်ဆင်မှု၊ စုဖွဲ့လေ့ကျင့်မှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ အခုပြိုင်ပွဲအတွက် ရခိုင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ အုပ်ချုပ်သူ၊ နည်းပြ၊ ပြိုင်ပွဲဝင် စုစုပေါင်း ၈၂ ဦး ပါဝင်ပါတယ်။ နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတွေကို ထုတ်ပြနိုင်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေ၊ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်" ဟု ရခိုင်ပြည်နယ်ကိုယ်စားပြု အုပ်ချုပ်သူ ဒေါ်အေးနီလာက ပြောပြသည်။

**သတင်းစဉ်**

## ငါးသိုင်းချောင်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲနှင့်တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပ

**ငါးသိုင်းချောင်း အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီမျိုးစေ့ချကိရိယာ ( Drum seeder) စနစ်ဖြင့် စိုက်ပျိုးထားသော (GW-11)(၄.၀၀) ဧက စိုက်ခင်းအား စံကွက်ရိတ်သိမ်းပွဲအခမ်းအနားနှင့် ဆောင်းရာသီ ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မအူကုန်ကျေးရွာ(Knowledge center) ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောဝင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်လင်းထွန်းက ဒေသစားသုံးဆီဖူလုံရေးအတွက် နေကြာ၊ ပဲပုပ်၊ နှမ်း စသည့်ဆီထွက်သီးနှံများကို စိုက်ပျိုးသင့်ကြောင်း ၊စိုက်ပျိုးရာတွင်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများကို မေးမြန်းတိုင်ပင်စိုက်ပျိုးသင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်သူဦးကုသိုလ်၏ မိုးရာသီမျိုးစေ့ချကိရိယာ (Drum seeder) စနစ်ဖြင့် စိုက်ပျိုးထားသော (GW-11)(၄.၀၀) ဧက စိုက်ခင်းအား စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**



## လားရှိုးမြို့၌ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

**လားရှိုး အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အကြောင်းအရာများအား အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လားရှိုးခရိုင် အမျိုးသမီးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးကော်မတီ အတွင်းရေးမှူး ဒေါ်အေးအေးဝင်းက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှုယန္တရားများ အကြောင်း၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ခရိုင်အမျိုးသမီးကော်မတီ အတွင်းရေးမှူးက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**၃ - ၁၀ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၀၀၀ | ၄၀၂ | ၃၂၀၅၈၀၀ |
| MTSH | ၃၄၀၀ | ၃၃၅၀ | ၁၁၅၁ | ၃၈၈၅၃၅၀ |
| MCB | ၇၉၀၀ | ၇၆၀၀ | ၁ | ၇၉၀၀ |
| FPB | ၂၆၅၀ | ၂၆၀၀ | ၄၅၆၉ | ၁၁၉၅၇၄၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၃၅ | ၉၃၈၀၀၀ |
| EFR | ၁၉၀၀ | ၁၉၅၀ | ၂၀၉၁ | ၄၀၅၂၄၅၀ |
| AMATA | ၃၃၀၀ | ၃၃၀၀ | ၁၅၀ | ၄၉၅၀၀၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၁၉၆၇ | ၆၆၈၇၈၀၀ |

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ထပ်မံရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယခုကဲ့သို့ ကျောက်မဲမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အကြမ်းဖက်သမားများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူ အနာဂတ်ရင်သွေးငယ်များ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဝင်းအတွင်း/အပြင် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ စာသင်ခန်းများအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သည်များအား ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်အိတ် ၅၀၀၊ ဆီ ပိဿာ ၅၀၀၊ ဆား ပိဿာ ၅၀၀ နှင့် စားသောက်ကုန်များ ထပ်မံရောက်ရှိခဲ့ပြီး အဆိုပါစားသောက်ကုန်များအား ဒေသခံများလက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ယင်းအပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေး ခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် DPLA အဖွဲ့ဝင် ၁၂ ဦး၊ KNDF အဖွဲ့ဝင် တစ်ဦး၊ PNLO အဖွဲ့ဝင် လေးဦး၊ ကရင်နီအမျိုးသားလွတ်မြောက်ရေးတပ်ပေါင်းစု အဖွဲ့ဝင် တစ်ဦး၊ PDF အမည်ခံအဖွဲ့ဝင် ၁၂ ဦး စုစုပေါင်း ၃၀ တို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီးပြောကြားပြီး တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် AK–47 တစ်လက်၊ M–22 သုံးလက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

**ဖုန်း-၀၉-၉၇၅၂၁၀၈၂၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိရှိစေရန်ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ရန်မျိုးနိုင်ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၃၄၁)၊ မြေအကျယ် ၀ ဒသမ ၀၆၇ ဧကရှိ ပိုင်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်စန်းစန်းမြင့် ၈/မကန(နိုင်) ၀၂၄၀၅၁ က လက်ရှိပိုင်ဆိုင်ထား ပြီး ဒေါ်စန်းစန်းမြင့်မှ ဦးမင်းခန့်ကျော် ၈/မကန (နိုင်)၁၄၅၅၆၀ နှင့် မိသားစုထံ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် နှစ်ဖက်သဘောတူညီမှုရကာ စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် အခွန်ဆောင်၊ ဂရန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါပြီး (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာ ယူဆောင်ပြီး အောက်ဖော်ပြပါ ဖုန်းနံပါတ်များထံ ဆက်သွယ်ကာ တွေ့ဆုံကန့် ကွက် နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

**ဦးမင်းခန့်ကျော်**
**ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့**
**ဖုန်း-၀၉-၇၉၄၇၉၄၂၀၅၊ ၀၉-၉၇၈၉၅၄၇၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရပ်ကွက်ကြီးအမှတ်(၁၄)၊ ရပ်ကွက်အမှတ်(၂၁၅)၊ အောင်စည်းစိမ်လမ်းနေ ပိုင်ရှင် ဒေါ်ခင်ခင်ဌေး ၁၂/ဒဂမ(နိုင်)၀၁၀၁၈၃ထံမှ ကျွန်မ ဒေါ်ခင်အုန်းရီ ၁၂/ဥကမ(နိုင်) ၁၀၀၆၅၇ သည်ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ အောင်စည်းစိမ်လမ်း၊ ၁၄ရပ်ကွက်၊ အိမ်အမှတ် ၂၁၅ပေ၊ ပေ(၂၀x၆၀) (၁၂၀၀စတုရန်းပေ)အားဝယ်ယူရန်စရန်ငွေပေးပြီးဖြစ်ပါသည်။ ၄င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်အုန်းရီ**
**၁၂/ဥကမ(နိုင်)၁၀၀၆၅၇**
**ဖုန်း-၀၉-၅၄၀၄၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၁၁-ခ/ဈေးရပ်၊ ဦးပိုင်အမှတ် ၄-ဏ+၅-ဒ ၊ မြေကွက်အမှတ် ၃၈/၁၄၀+၂၀/၁၄၃၊ မြေဧရိယာ ၀ဒသမ၀၄၅ဧကရှိမြေကွက်သည် ဒေါ်ဝင်းဝင်းအေး အမည်ဖြင့် ၂၁-၇-၂၀၁၀ရက်မှ ၂၀-၇-၂၀၄၀ရက်အထိ နှစ်(၃၀)မြေငှားဂရန်ကိုလည်းကောင်း၊ မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၁၃-က/ကန်နားရပ်၊ ဦးပိုင်အမှတ် ၆၆-က၊ မြေကွက် အမှတ် ၁၀၁/၂၂၅၊ မြေဧရိယာ ၀ဒသမ ၀၉၂ ဧကရှိမြေကွက်သည် ဦးမြညီအမည်ဖြင့် ၈-၁၀-၁၉၉၈ရက်မှ ၇-၁၀- ၂၁၂၈ ရက်ထိ နှစ် (၃၀)မြေငှားဂရန်ကိုလည်းကောင်း အသီးသီးဂရန်ရရှိထားသော မြေကွက်များ ဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံများအား ၁-၉-၂၀၂၅ ရက်တွင် ဒေါ်ဝင်းဝင်းအေးနှင့် ဦးမြညီ တို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ထွန်းထံမှ ဒေါ်ယုယုလတ် ၉/တသန(နိုင်)၁၅၁၁၄၃က တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ဒေါ်ယုယုလတ်မှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်းခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၃)လမ်း၊ အမှတ်(၃၂၈ ၁/၂ ) အိမ်နှင့်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဂ၊ နီလာ(၃)လမ်း၊ မြေကွက်အမှတ် (၃၂၈ ၁/၂)၊ အကျယ်အဝန်း-အလျား(၂၀)ပေxအနံ(၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိမြေကွက်သည်နှစ်(၆၀)မြေငှားဂရန်၌ ဦးကျော်သန်း(AA-၀၉၂၆၁၆) ၁၂/ဥကမ(နိုင်)၀၃၂၁၅၀ မှ အမည်ပေါက်ပြီး ၄င်းကွယ်လွန်သွားပြီး အမွေဆက်ခံဇနီးမယားဖြစ်သူ ဒေါ်အေးကျွေ ကွယ်လွန်သွားသည့်အတွက် တစ်ဦးတည်းသောသားဖြစ်သူ ဦးတင်အောင် ၁၂/မဂဒ(နိုင်)၀၅၁၇၁၆မှ ယင်းအိမ်နှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါတွင် အထက်ဖော်ပြပါ အိမ်နှင့်မြေအား တာဝန်ယူတာဝန်ခံလျက် ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းလဲ့လဲ့ခိုင် ၁၂/ဥကမ (နိုင်)၂၂၈၈၄၅က အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်သည့်ရက် ကျော်လွန်ပါကဤအိမ်နှင့်မြေအရောင်းအဝယ်ကို အပြီးအပိုင်ဆက်လက် ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းလဲ့လဲ့ခိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်စုစုအောင် (LL.B) | ဒေါ်သဲသဲမွန် (LL.B) | ဒေါ်ဖွေးလဲ့ဖြူ (LL.B) |
| (စဉ်-၁၃၄၉၈/၂၀၁၇) | (စဉ်-၁၀၈၆၄/၂၀၁၆) | (စဉ်-၅၃၁၃၁/၂၀၂၀) |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |

အမှတ်(၃၃၂)၊ သီလလမ်း၊ ၄-ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉- ၇၇၈၉ ၄၀၂၀၆

## (အမြန်ရောင်းမည်)

ရန်ကုန် မန္တလေးလမ်းဟောင်းမေးတင် ပျော်ဘွယ်-မိတ္ထီလာကြား လူနေတိုက် (၂) လုံး ၊ အလုပ်ရုံ (၁)ခု ၊ စတိုးဆိုင် (၁)ခု ပါ ။ ခြံအကျယ် ၆၅' x ၁၃၇' ရှိ အသင့်နေ ရေ/မီးအပြည့်စုံပါသော တိုက်နှင့်ခြံ အမြန်ရောင်းမည်။

**ဈေးနှုန်း** = ညှိနှိုင်း

**ဖုန်း**- 09-972828955

09-795796530

**မှတ်ချက်** ။ ။ ဝယ်ယူသူ စိတ်ချမ်းသာအောင် ရောင်းမည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ မြေကွက်အမှတ် (ပ-၁၄၉၁)ကို အမည်ပေါက် ဒေါ်ခင်ခင်သီ (ဘ)ဦးစိုးမြင့် ၈/နမန(နိုင်)၀၀၅၆၂၂ မှ ဒေါ်ချိုရတနာမောင် (ဘ)ဦးစိန်ဝင်းမောင် ၁၄/လမန(နိုင်)၀၇၅၂၇၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ်(ပ-၂၃၃၅၁)ကို အမည်ပေါက် ဒေါ်ကြည်သင်းခိုင်(ဘ)ဦးလှမြင့် ၁၂/မရက (နိုင်)၁၀၉၄၁၅ မှ ဒေါ်ဝင်းမေအောင်(ဘ)ဦးသန်းမောင်ချစ် ၁၂/လမတ(နိုင်) ၀၃၁၇၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ တပေါက်တောကျေးရွာအုပ်စု၊ တပေါက်တောကျေးရွာနေ ဦးစိုးဝင်း၏သား မောင်ထွန်းနိုင်ဦး ၈/မကန (နိုင်)၂၇၄၅၉၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-748414)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၀၃၀၇၉၄၁**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဖိုလေးလုံးကျေးရွာနေ ဦးညိုလုံး၏သား ဦးဖြိုးဝေ ၈/မကန (နိုင်)၂၂၆၁၉၅၏ နိုင်ငံကူးလက်မှတ်အမှတ် (M-165813) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၈၉၂၀၀၁၄**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကောင်းကင်ကြယ် ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12မှ မောင်ထူးအေကို ၁၁/မပန(နိုင်)၁၈၁၇၁၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၈-၂၀၀၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/6308 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/68930, Honda Dream Cloop,Motor CYCLE ယာဉ်လက်ဝယ်ရှိသူ ဦးတင်ငွေ ၁၀/ သထန(နိုင်)၃၂၈၄၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**
**ကော့ကရိတ်မြို့**

## ကန့်ကွက်ရန်ရှိ/မရှိ ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ တာကြီးတန်းလမ်းနေ ဦးစိုးလွင်မှ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၅၈က)၊ ကွင်းအမည်(ဘက်ရဲ-က)၊ ဦးပိုင်အမှတ်(၄၄၅)၊ မြေဧရိယာ၀ ဒသမ ၁၀၀ဧကရှိမြေကို လူနေအိမ်အသုံးပြုရန်အတွက် မြေပေးမိန့် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ အကျိုးသက်ရောက် ပိုင်ဆိုင်သူများသည် ကန့်ကွက်ရန်ရှိပါက ဤကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကြံခင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၉)၊ ကျွန်စစ်သားလမ်း၊ အမှတ်(၁၂၄၃)၊ အကျယ်အဝန်း(၄၀x၆၀) ပေရှိမြေကွက်၊ ဒေါ်လှကြည် ၇/ရကန(နိုင်)၀၀၇၁၆၆ အမည်ပေါက်ပါမစ်နှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းငြိမ်း ၁၂/ဒဂတ(နိုင်)၀၅၀၇၈၆ မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဟိန်းမင်းသူ ၅/စကန(နိုင်)၁၉၂၄၅၄ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သိင်္ဂီအေး(စဉ်–၁၄၈၁၉)**
**LLB, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၈၇/ခ)၊ နန္ဒဝန်လမ်း၊(၂၀/က)ရပ်ကွက်**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၄၂၀၀၆၉၁၅၂**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လအိမ်ရာပတ်လမ်းရှိ အကျယ်အဝန်းပေ(၄၂x၆၀)ရှိ မြေကွက် အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်ပါလိပ်စာရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုလာသူ ဦးစောအောင်ကျော်စွာ ၃/ကဆက(နိုင်)၀၇၀၁၀၈ ထံမှ ဦးမင်းသူ ၁၂/မဘန(နိုင်)၁၀၉၇၃၂က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့ကယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးခင်ဇော် | ဒေါ်အိအိဖြူ |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၆၃၅) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၈၀) |
| B.Sc,PGDL, HGP.WIPO(Switzerland) | LL.B,DLP, WIPO(Switzerland) |

**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း –၀၉– ၇၆၃၈၀၈၇၉၁**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်းနှင့် သမာဓိလမ်းထောင့်၊ အမှတ်(၂၀၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၆လွှာ၊ တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်၊အကျယ်အဝန်း ပေ (၂၅x၅၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို၂၅– ၇– ၂၀၁၇ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဦးဝင်းကို ၁၂/ဗဟန(နိုင်)၀၀၈၃၇၁ထံမှ ဦးစံညွန့်(ခ) ဦးမောင်ဝင်း၁၂/မဂတ(နိုင်)၀၃၁၀၇၉မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးစံညွန့်(ခ)ဦးမောင်ဝင်း ကွယ်လွန်ပြီးနောက် လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသော တစ်ဦး တည်းသောဇနီးဖြစ်သူ ဒေါ်ခင်စောဝေ ၁၂/မဂတ(နိုင်)၀၃၂၉၄၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းခန့်ကျော် ၁၂/တမန (နိုင်)၁၃၁၀၄၂က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင် လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/32058 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)ကျိုင်းတုံမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/9008 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကောင်းကင်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12မှ မနန်းသီရိခိုင် ၉/ဇယသ(နိုင်)၀၃၃၈၀၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀–၁၀–၂၀၀၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၃၂၃၇, Honda Wave, M/C မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးစောကျင်ငွေး ၃/လဘန(နိုင်)၁၇၇၄၃၈ သည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**ဘားအံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/05995, Honda Wave 100, M/C မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဒေါ်နန်းလှိုင်လှိုင်ဦး ၃/ ဘအန(နိုင်)၁၂၀၄၃၂ သည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**ဘားအံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၉၃၄၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုဝါလွင် ၁၀/ခဆန (နိုင်)၁၃၉၆၀၅က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/3877 ၏အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၈၅၀၃၇ Honda Zoomer X 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆမ်ခမ်း ၁၃/ကတန (နိုင်)၀၇၅၈၆၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/7154, BAJAJ 200, 3 Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနုခိုင် ၉/မတရ(နိုင်)၀၀၀၀၁၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/1725 Dong FENG EQ3040GT Dump Truck (4X2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာဆန်း ၅/ခဥန(နိုင်)၀၀၂၁၃၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ လှာကမြင်ကျေးရွာ၊ တောင်ကလေးရပ်၊ ကွင်းအမှတ်–၁၁၂၁–A ၊ ကွင်း အမည် ရွာသစ် နောက်ကွင်း၊ ဦးပိုင်အမှတ် N–၃၆ ၊ မြေလုပ်ကိုင်သူ အမည် ဒေါ်နန္ဒာအေး+ဒေါ်ချိုချိုထွေး၊ မြေအကျယ် အနံ(၂၀)ပေ x အလျား(၁၉၀)ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်ချိုချိုထွေး(ဘ) ဦးချစ်ငွေ ၃/ဘအန(နိုင်)၁၂၀၇၅၅ နှင့် ဒေါ်နန္ဒာအေး(ဘ)ဦးကင်းစိန် ၁၀/သဖရ (နိုင်)၀၉၃၉၂၄ တို့နှစ်ဦးပိုင် အိမ်နှင့်မြေကို မိမိတို့သာတရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ် ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်ရက်မှ (၇)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြသန္တာထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၈၀၇)**
**ဦးအောင်မြတ်လမ်း(၇)ရပ်ကွက်၊ ဘားအံမြို့ ဖုန်း–၀၉–၄၃၀၆၆၀၂၀**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၅၉၀)တွင်နေထိုင်သော ကျွန်ုပ်မိတ်ဆွေဖြစ်သည့် ဦးအောင်ကျော်မင်း(ခ)ယွဲ့ကျန်ရှင်း (ဘ)ဦးစု ၁၂/ရကန(နိုင်)၀၇၃၂၉၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်မင်း(ခ)ယွဲ့ကျန်ရှင်းနှင့် ဒေါ်ခင်နဒီဖူး(ခ)ဝမ်ရှူးလင်(ဘ)ဦးကျော်ကျော်ဦး ၁၂/ဥကတ(နိုင်)၁၈၆၀၈၀၀တို့သည် ၈–၄–၂၀၁၅ရက်ဖြင့် ရန်ကုန်တိုင်းတရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုလွှာပြုလုပ်ကာ လက်မှတ်ရေးထိုး လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ထိုင်ဝမ်နိုင်ငံတွင် ခေတ္တပြောင်းရွှေ့နေထိုင်အလုပ်လုပ်ကိုင်ရင်း သမီးတစ်ဦး ထပ်မံမွေးဖွားခဲ့ပါသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ဆက်လက်ပေါင်းသင်းရန် အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ထိုင်ဝမ်နိုင်ငံ ကွမ်ရင်မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးရုံးတွင် ၂၇–၁၁–၂၀၂၄ရက်၌ မှတ်ပုံတင်ကွာရှင်းစာချုပ်ပြုလုပ်ပြီး တရားဝင်ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ သို့ပါသောကြောင့် ထိုရက်မှစတင်ပြီး ၎င်းတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်မင်း(ခ)ယွဲ့ကျန်ရှင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှန်းလဲ့ဇော် ( LL.B; D.B.L; D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၈၄ )**
**အမှတ် ၃၇၉၊ ဓမ္မာရုံလမ်း(၁၃)ရပ်ကွက်၊ရန်ကင်းမြို့နယ် ၊ရန်ကုန်မြို့**
**ဖုန်း–၀၉–၉၅၅၆၄၁၄၄၉၊ ၀၉–၄၄၉၄၆၄၅၉၂**

## အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ် (၁၁) ရပ်ကွက်၊ ၃–လမ်းနေ ဒေါ်တင်တင်မြင့် ၈/ပခက(နိုင်)၀၈၈၁၆၁၊ "မောင်မောင်ကဲ–ဆန်ဆိုင်နှင့် ဆန်ပွဲရုံလုပ်ငန်း"ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်မြင့်နှင့် ၎င်း၏မိသားစုဝင်များအား Facebook အပါအဝင် ဆိုရှယ်မီဒီယာများပေါ်တွင် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ဂုဏ်သိက္ခာကျဆင်းစေသော စာသားများ ရေးသားဖော်ပြခြင်း၊ ၎င်းနှင့်၎င်း၏မိသားစုဝင်များအား ထိခိုက်နစ်နာစေသော မဟုတ်မမှန်သတင်းများကို ဆက်သွယ်ရေးကွန်ရက်အား အသုံးပြု၍ဖြစ်စေ၊ လူမှုဝန်းကျင်မှဖြစ်စေ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းဖြန့်ဝေမှုများကို တုံ့ပြန်မှုများပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝ (လုံးဝ) မပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ အထက်ပါကိစ္စရပ်များအား ကျွန်ုပ်၏မိတ်ဆွေဒေါ်တင်တင်မြင့်နှင့် ၎င်း၏မိသားစုဝင်များ အပေါ် ပြုလုပ်မှုများရှိခဲ့ပါက ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းဖျက်သိမ်းပေးပါရန်နှင့် အထက်ပါကိစ္စရပ်များအားပြုလုပ်ဆောင်ရွက်သူ၊ ပူးပေါင်းပါဝင်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခိုင်ဆွေနှင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၁၃၂)**
**(၁၆–၁၀–၂၀၂၃) သီရိဂေဟာလမ်း၊ အမှတ် (၄) ရပ်ကွက်၊ ပခုက္ကူမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ–၂၀) မကွေးမြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – (၉၇)

| ဦးမင်းအောင် | နှင့် | ဒေါ်သီသီစန်း |
|---|---|---|
| တရားလို | | တရားပြိုင် |

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ အောင်မေတ္တာ (ခ) ရပ်ကွက်၊ အမှတ်(၄၃၈)၊ (၇) လမ်းနေ (ဘ)ဦးစန်းမောင်၏သမီးဖြစ်သူ တရားပြိုင် ဒေါ်သီသီစန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုအနေဖြင့် လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) မွန်းမတည့်မီ(၁၀ : ၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးတော်သို့ သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက် နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ထက်)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**မကွေးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၄/ ရွာမရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ–၄၄၁၅)ကို အမည်ပေါက် ဒေါ်သန်းရီ (ဘ) ဦးတင်မောင် ၉/ပဗသ(နိုင်) ၀၁၆၉၂၇ မှ ဒေါ်ကေခိုင်ဦး (ဘ) ဦးဝင်းကျော် ၁၃/နခတ(နိုင်)၀၆၁၀၃၈ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီးလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၁ နှင့် ၅) ဥတ္တရခရိုင် တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၈

| ဒေါ်အေးသန္တာ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးသူရကျော်) | နှင့် | ဦးမင်းအောင် |
|---|---|---|
| (တရားလို) | | (တရားပြိုင်) |

ဦးမင်းအောင် (ဘ) ဦးသန်းညွန့်၊ အရောင်းအဝယ်၊ အမှတ်(၁၅၅၄၂) ၊ ခတ္တာလမ်းနှင့် သစ္စာလမ်းထောင့်၊ ပုဗ္ဗသီရိမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးသန္တာ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသူရကျော်) မြေငှားဂရန်လျှောက်ထားထုတ်ယူ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်လွင်)**
**ခရိုင်တရားသူကြီး**
**ဥတ္တရခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်လေးပင်မြို့နေ (ဘ) ဦးအိုက်မောင် ၏ သမီး မမြတ်နှောင်းငယ်နှင့် နော်မြတ်နှောင်းငယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက(ခွဲ)၊ ကဇင်တောကျောင်းစု၊ Grade–2မှ မဖြိုးရတီမောင်နှင့် Grade–5မှ မပန်းရတီချစ်တို့၏ ဖခင်အမည်မှန်မှာ ဦးစောဘလုမှူး ၁၄/ပပတ(နိုင်)၁၇၄၉၃၄ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၃–ခ)/ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ်(၁၃၄၊ ၁၃၄/၃၉၀)၊ ဧရိယာ ၀ ဒသမ ၁၁၄ ဧကရှိ မြေနေရာအား ဦးချစ်သဲမောင် အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်ထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် ၂၆–၉–၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)၊ ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/3777 Bajaj 200 T/W အားစစ်တွေမြို့ ကျောင်းကြီးလမ်းရပ်ကွက်နေ ဒေါ်ဝင်းဝင်းအေး ၁၁/စတန(နိုင်)၀၆၆၃၆၈၈ (ကမ–၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀) ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၇/ဇေတိက)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ်(၁၃၃)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၂၀ V၂၀၁၉–၂၀၂၀အရ ဦးမောင်မြင့်၊ ဒေါ်ခင်မာကြည် အမည်ဖြင့် ၁၅–၁–၂၀၂၀ မှ ၁၄–၁–၂၀၅၀အထိ နှစ် (၃၀)ရရှိခဲ့သော မြေငှားစာချုပ်အား ဒေါ်နှင်းဝေ အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် ၂၆–၉–၂၀၂၅ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

MRTV–4 ခင်ပျိုမဒီရုပ်သံအစီအစဉ်၏ Producer အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းမေမွန်မောင် (ခ) မွှေးမွှေး အသက် (၃၈)နှစ်သည် (၂.၁၀.၂၀၂၅) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိခဲ့ရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Forever Group မိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းထွန်း
## (ဘဓရ)၊ ဒု ညွှန်ကြားရေးမှူး(ငြိမ်း)
## မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒု ဥက္ကဋ္ဌ
## မြန်မာနိုင်ငံ ဘူမိဥယျာဉ် ကနဦးတည်ထောင် ဦးဆောင်သူ
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်(မြောက်ရပ်ကွပ်)၊ အမှတ်(၈၃)လေးလွှာ၊ မင်္ဂလာလမ်းနေ (ဦးစိန်–ဒေါ်အိမ်ဆင့်)တို့၏သားထွေး၊ (ဦးဒေါင်းနီ–ဒေါ်မြကြည်)တို့၏သားသမက်၊ ဒေါ်နယ်လီ(ခ)ဒေါ်သန်းသန်းနု၏ ချစ်လှစွာသောခင်ပွန်း၊ ခင်ဆွေဆွေထွန်း(စင်္ကာပူနိုင်ငံ)၊ နှစ်ဆန်းထွန်း(အိုင်ယာလန်နိုင်ငံ)နှင့် ငြိမ်းချမ်းထွန်း(ဂျပန်နိုင်ငံ)တို့၏ ချစ်လှစွာသောဖခင် သည် ၃၀–၉–၂၀၂၅ ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ(ခ)ဒေါ်မြရီ
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ပြည်သာယာအိမ်ရာ (၁)လမ်း၊ ခြံအမှတ် ၅နေ (ဦးငြိမ်းမောင်– ဒေါ်သောင်းစိန်)၊ (ဦးဘသိန်း–ဒေါ်စံရွှေ(ခ)ဒေါ်မာလာ)တို့၏သမီး၊ ဦးထူးမြင့်–ဒေါ်အေးမြင့်ရီ၊ (ဦးသိန်းထိုက်)–ဒေါ်ခင်မြင့်ရီ၊ ဉူးစံဓမ္မာ၊ (ဗိုလ်မှူးတင်ထွဋ်)–ဒေါ်ကြူကြူခိုင်၊ (ဦးထွန်းဝင်းအောင်)–ဒေါ်မိချို၊ ဦးစောမြအေး–ဒေါ်အေးသီတာမြင့်တို့၏ မိခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားဒေါ်တင်ရီ(ခ) ဒေါ်မြရီ အသက်(၈၃)နှစ်သည် ၂–၁၀–၂၀၂၅ ရက်(ကြာသပတေးနေ့)ည ၉:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၄–၁၀–၂၀၂၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈–၁၀–၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့၊လကျုန်းကျေးရွာမှ အ.ထ.က(ခွဲ) Grade–12တွင် ပညာသင်ကြားနေသော မောင်ကဆန်၏မွေးသက္ကရာဇ်မှာ ကျောင်းထောက်ခံချက်အရ (၁၂.၆.၂၀၀၅)ဖြစ်နေပါ၍ သန်းခေါင်စာရင်းအရ ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ( ၆.၁၁.၂၀၀၆)ဖြစ်ပါသည်။

**မောင်ကဆန် ၅/လဟန(နိုင်)၀၃၂၈၄၆**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲမြို့၊ (ဃ)ရပ်ကွက်၊ ကုန်သည်လမ်း၊ အိမ်အမှတ် ဃ/၃၃ တွင် နေထိုင်သော ဒေါ်တင်တင်နွယ် (HBE.၀၆၇၇၆၀)၏ ဖခင် ဦးတင်ဦး(ခ) ဦးဂဟူးဘိုင်(ခ)ဦးဂဖွရ်ဘိုင် (Bo. ၀၀၀၇၁၈)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ဦး(ခ)ဦးဂဟူးဘိုင်(ခ)**
**ဦးဂဖွရ်ဘိုင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

MRTV–4 ခင်ပျိုမဒီရုပ်သံအစီအစဉ်၏ Producer အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းမေမွန်မောင်(ခ)မွှေးမွှေး အသက် (၃၈)နှစ်သည် (၂.၁၀.၂၀၂၅) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိခဲ့ရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**MRTV–4 , Channel–7 , Mandalay FM, Teen Radio မိသားစု**

---

## ဒေါ်မြင့်မြင့်
## အသက် (၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ဦးစုတင်–ဒေါ်ကြည်)တို့၏သမီး၊ (ဦးလှမြင့်–ဒေါ်ကျင်စိန်)တို့၏ချွေးမ၊ (ဦးမြင့်ဝင်း–ဒေါ်သန်းသန်းအေး)တို့၏ညီမ၊ (ဦးကြည်ဝင်း–ဒေါ်ယဉ်ယဉ်ဝင်း)၊ ဦးအေးမြင့်–ဒေါ်မေချစ်၊ (ဦးအောင်ဇော်မိုး)–ဒေါ်အေးမှုံတို့၏အစ်မ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ် ကွက်၊ ရတနာရိပ်ငြိမ်လမ်း၊ အမှတ် (၁၉၆၃)နေ ဦးသောင်းဟန်၏ဇနီး၊ ကိုကျော်စွာဟန်–ဒေါက်တာခင်သီတာ၊ ကိုသုတအောင် –မစန္ဒာကျော်၊ ကိုဖြိုးမော်ဟန်–မအိသန္တာမျိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဘုန်းမြတ်သော်၊ မောင်သန့်ဘုန်းသစ်တို့၏ ချစ်လှစွာသောအဘွားဖြစ်သူသည် ၂–၁၀–၂၀၂၅ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ၄–၁၀–၂၀၂၅ရက် (စနေနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်တွင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈–၁၀–၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင်ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ကိုရဲဖြိုးကျော် (BSc. Microbiology)
## အသက် (၂၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလ ရပ်ကွက်၊ တိုက်ဟောင်း (၁)၊ အခန်း (၂၄)နေ ဗိုလ်ကြီးစိုးဝင်း(ငြိမ်း)–ဒေါ်မော်မော်ဟန်တို့၏ တစ်ဦးတည်းသောသား၊ ဦးသောင်းလင်း–ဒေါ်လှမြတ်စိုးတို့၏ သားသမက်၊ မမြတ်ယမင်းလင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ကြည်ကြည်ဝင်း)၊ ဦးဝင်းသိန်း–ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ညွန့်ညွန့်သိန်း၊ (ဦးဆန်းလွင်)–ဒေါ်လှလှဌေး၊ ဦးကျော်ဝင်း–ဒေါ်နွဲ့နွဲ့ဌေး၊ ဦးဇော်မြင့်–ဒေါ်နွယ်နီဟန်(ခ) ဒေါ်ပဲန်စီမြဟန်တို့၏တူဖြစ်သူ ကိုရဲဖြိုးကျော် အသက်(၂၉)နှစ်သည် ၂–၁၀–၂၀၂၅ ရက် ည ၇:၅၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၄–၁၀–၂၀၂၅ ရက် နံနက် ၁၁နာရီတွင် ရေဝေးခန်းမမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 60W/98096, DAYANG–110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာလှိုင် ၁၄/ပသန(နိုင်)၁၅၅၇၉၄ကဖောင်းကြွနံပါတ်ပြား လာရောက် လျှောက် ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## မအိဝေဖြိုး B.Sc, M.Sc, MRes(Microbiology)
## အသက်(၃၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ်(၁၀)နေ ဦးသိန်းဝင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)၊ တိုင်းရင်းဆေးကောင်စီဝင်၊ တိုင်းဒေသကြီးဦးစီးဌာနမှူး(ငြိမ်း)–ဒေါ်စန်းစန်းနု အဝေရာဆေးတိုက်တို့၏သမီးထွေး မအိဝေဖြိုး အသက်(၃၆)နှစ်သည် ၁–၁၀–၂၀၂၅ရက်တွင် ကွယ်လွန် သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းရင်းဆေးဆရာအသင်း**
**ဧရာဝတီတိုင်းဒေသကြီး**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈၇/ဥယျာဉ်စုကွင်း၊ မြေကွက်အမှတ်(၅၁၈)အား ဦးမောင်မောင်သက် ၉/ပမန(နိုင်)၀၇၀၈၈၃ မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကတိသစ္စာပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု (RA)-(RA-1)၊ အကွက်အမှတ် (တ–၀၂)၊ မြေကွက်အမှတ် (၂၇၅၆ + ၂၇၅၇) အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)စီရှိ ဦးဇော်မင်းဦး (၁၂/တတန (နိုင်) ၁၅၃၇၆၇) အမည်ပေါက် ပါမစ်မြေကွက်(၂)နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဇော်မင်းဦး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

---

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၅၉၀/၁ မြေကွက်အမှတ် (၂–က)၊ ဧရိယာ (၃.၉၂၅) ဧကနှင့် မြေကွက်အမှတ် (၂–ခ) ဧရိယာ(၁.၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် မန္တလေးဂါးဒင်းစီးတီးကုမ္ပဏီမှ ဆောက်လုပ်ထားသော ဂါးဒင်းစီးတီး apartment complex အတွင်းရှိ တိုက်အမှတ်(၇)၊ အလွှာ(၂)၊ အခန်းအမှတ်(၄)၊ ၆၀၅ စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းသွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဝင်း (ဘ) ဦးခင်မောင်(၉/ပကခ(နိုင်)၀၂၈၁၃၉၀)ထံမှ ဦးကျော်ဆန်းဝင်း(ဘ) ဦးခင်မောင်(၁၂/တတန(နိုင်)၁၂၈၇၆၀) က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တချို့တစ်ဝက်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင်ပိုင်ဆိုင်ခွင့်ရစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဆန်းဝင်း(ဘ) ဦးခင်မောင် (၁၂/တတန(နိုင်)၁၂၈၇၆၀)**
**ဖုန်း–၀၉–၈၈၈၅၈၈၈၁၈**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ရွာလယ်လမ်းသွယ်၊ အိမ်အမှတ်(၁/၂၅၆) အိမ်ခြံမြေကွက်သည် ဒေါ်နန်းညွှာက ဦးခွန်မင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သော အိမ်ခြံမြေကွက်ဖြစ်ပြီး ဒေါ်နန်းညွှာသည် (၁၀–၃–၂၀၂၂)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်နန်းညွှာ၏ သားသမီးများဖြစ်သော (၁)နန်းခမ်းစိန်(၁၃/ရစန(နိုင်)၀၆၆၇၂၆)၊ (၂)နန်းခမ်းကော်(၁၃/ရစန(နိုင်)၀၄၆၁၂၂)၊ (၃)ဦးဖိုးတာထူး(၁၃/ဆဆန(နိုင်)၀၄၂၃၃၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းစိုး(စဉ်–၁၅၀၈၁)၊ ဒေါ်နုနုထွန်း(စဉ်–၁၇၅၈၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၂၃၈၊ ပေါင်းလောင်းလမ်း၊ နယ်မြေ(၁၃)၊**
**ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ (ဖုန်း–၀၉–၄၅၈၀၄၁၉၆၉)**

---

## ပတ်စ်ပို့ပျောက်

ရှမ်းမြောက်၊ လားရှိုးခရိုင်၊ နောင်ချိုမြို့နယ်၊ ဆင်စားကုန်းကျေးရွာနေ (ဘ)ဦးမြင့်အောင်၏ သမီး မသီတာ ၁၃/နခတ(နိုင်) ၁၀၀၁၁၃ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၀၈၈၅၃၂၇**

---

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအိုက်ဆိုင်၏သား ကျွန်တော် မောင်စိုင်းကြောင် ၁၃/ဟပတ(နိုင်)၀၂၃၉၅၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉– ၄၄၀၆၉၃၂၂၇**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/32751, Honda Wave– 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဌေး ၇/ပခတ(နိုင်) ၀၆၈၇၄၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/1213၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/9620, Mitsubishi Pajero S/W(4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဦး ၉/ပသက(နိုင်)၀၉၆၉၃၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/48207, Honda Click– 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းနိုင် ၅/အရတ(နိုင်)၀၇၁၀၄၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## အများသိစေရန်ကြော်ငြာ

ပင်လောင်းမြို့နယ်၊ လိန်းညားကျေးရွာနေ ဒေါ်ရွှေတင်(၁၃/ပလန(နိုင်)၁၁၅၄၀၇)၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း ကြော်ငြာလိုက်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ရွှေတင်အမည်ဖြင့် (Tiktok/ Facebook/Viber/ Telegram/We chat)အစရှိသည်တို့တွင် အကောင့်အတုဖွင့်လှစ်ကာ ဓာတ်ပုံများယူသုံးပြီး ဒေါ်နန်းရွှေတင်၏ဂုဏ်သိက္ခာ ကျစေရန် မဟုတ်မမှန်သတင်းများကို အီလက် ထရောနစ်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာများကိုအသုံးပြု၍ အသရေဖျက်စေသည့်စာသားများ၊ Post များကို မဟုတ်မမှန်ရေးသား ဖြန့်ဝေခြင်း၊ မှတ်ချက်ပေးခြင်း၊စွပ်စွဲပြောဆိုခြင်းတို့ကို လုပ်ဆောင်နေပါက (သို့မဟုတ်)လုပ်ဆောင်ခဲ့ပါက(သို့မဟုတ်) နောင်တွင် လုပ်ဆောင်မည်ဆိုပါက မည်သူမဆို ရပ်တန့်ဖျက်သိမ်းပေးရန် တာဝန်ယူဖြေရှင်းပေးရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက မည်သူကိုမဆိုတည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲဝတ်ရည်(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၀၄၀၀/၂၆–၂– ၂၀၁၅**
**အမှတ်–၈၆၊ သရေခေတ္တရာလမ်း၊**
**ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း–၀၉–၅၂၁၆၃၉၉**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့် အုပ်စု (RA)-(RA-2)၊ အကွက်အမှတ် (တ- ၀၂)၊ မြေကွက်အမှတ် (၁၆၁၈) (၁၆၂၂)၊ အကျယ်အဝန်း (၄၀' x ၆၀')စီရှိ မြေကွက် (၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်သည် ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၁၆၆၄/၂၀၂၀) (၁၆၆၈/၂၀၂၀ )အရ ဦးထွန်းလှိုင်(၁၂/တတန(နိုင်)၀၇၅၀၇၈)၊ (TTE–၀၇၆၉၉၁)အမည်ဖြင့် ရရှိထားသည့်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဟွာကြည်ယုံ (၁၃/လရန(နိုင်)၁၃၁၈၈၆)မှ အဆိုပါမြေကွက်(၂)ကွက်၏ ယာယီမြေပေးမိန့်မူရင်းအား မိမိမှတရားဝင်ရရှိထားပြီး တရားဝင်ပိုင်ဆိုင်ကြောင်း၊ အဆိုပါမြေကွက်(၂)ကွက်အား မိမိကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညီမြာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်–၃၅၇၇၆)** |
| **ဖုန်း – ၀၉–၄၃၀၉၅၃၆၇။** | **အခန်းအမှတ် (308)၊ Office Tower (3), Time City,** |
| | **ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။** |

❖ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်သည်လည်း အရေးကြီးသည့် သွင်းအားစုများဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA ၊ KNDF ၊ PNLO ၊ ကရင်နီအမျိုးသား လွတ်မြောက်ရေးတပ်ပေါင်းစုနှင့် PDF အမည်ခံအဖွဲ့ဝင် ၃၀ တို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် DPLA ၊ KNDF ၊ PNLO ၊ ကရင်နီအမျိုးသားလွတ်မြောက်ရေးတပ်ပေါင်းစုနှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ၃၀ တို့သည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ

စာမျက်နှာ ၁၈ ကော်လံ ၁ ❑



# ပြည်တွင်းစက်သုံးဆီဈေးနှုန်းဆက်လက်ကျဆင်းလျက်ရှိ၊ သီတင်းကျွတ်ပွဲတော်ခရီးသွားရာသီနှင့် လာမည့်ပွင့်လင်းရာသီကာလအတွင်း လုံလောက်စွာသုံးစွဲရေး ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာကျပ်ငွေပိုမိုခိုင်မာလာပြီး ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်မှုနှုန်း ဆက်တိုက်ကျဆင်းနေမှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည်လည်း ကျဆင်းလျက်ရှိသည်။

ထို့ပြင် ပြည်ပမှ စက်သုံးဆီများ ကြိုတင်စီမံတင်သွင်းထားမှုကြောင့် သီတင်းကျွတ်ပွဲတော်ခရီးသွားရာသီအတွင်း အဓိကလမ်းမကြီးများနှင့် အဓိကမြို့ကြီးများရှိ အရောင်းဆိုင်များတွင် ကြိုတင်ဖြည့်တင်းခြင်းများ စီမံဆောင်ရွက်ထားရှိပြီး ဖြစ်သည့်အပြင် လာမည့် ပွင့်လင်းရာသီကာလအတွင်း ပွဲတော်ကာလများနှင့် သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စက်မှုဇုန်နှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လုံလောက်စွာသုံးစွဲရေး စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ သိရှိရသည်။

**သတင်းစဉ်**

# ယူရိုပါလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) တွင် အက်စ်တွန်ဗီလာက ဖီယင်နုကို အနိုင်ရ



အက်စ်တွန်ဗီလာအသင်း တိုက်စစ်ကစားသမား ဘွန်ဒီယာ ဂိုးသွင်းယူစဉ်။

ယူရိုပါလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) မှ အောက်တိုဘာ ၃ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နယ်သာလန်ကလပ် ဖီယင်နုနှင့် အက်စ်တွန်ဗီလာအသင်း ပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အက်စ်တွန်ဗီလာ အသင်းသည် ပြိုင်ဘက် ဖီယင်နုအသင်း၏ ဖိအားပေးထိုးဖောက်တိုက်စစ်ဆင်ကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့သော်လည်း ရရှိလာသည့်အခွင့်အရေးကို မလွတ်တမ်းအသုံးချကာ သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် ဂိုးပြတ်

စာမျက်နှာ ၁၈ ကော်လံ ၁ ❁

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ယနေ့ သတင်းအညွှန်း


မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ စာ ၁၇

လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ထပ်မံရောက်ရှိ စာ ၁၈